ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# လူငယ်ရေးရာမူဝါဒဆိုင်ရာ
# အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်
# (၂၀၂၀-၂၀၂၄)



# ဦးဆောင်အမှာစာ

ယနေ့လူငယ်များသည် အနာဂတ်တွင် နိုင်ငံ၏တာဝန်များကို ထမ်းဆောင်ရမည့် သားကောင်း သမီးကောင်း ရတနာများဖြစ်သည်နှင့်အညီ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွံ့ဖြိုး တိုးတက်ရေး၊ တည်ဆောက်ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် စည်းလုံးညီညွတ်မှု အင်အားဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်လှပေသည်။ နိုင်ငံတော်အစိုးရအနေဖြင့် လူငယ်ကဏ္ဍ ဖွံ့ဖြိုးရေးအတွက် လူငယ်ရေးရာမူဝါဒကို အတည်ပြုပြဋ္ဌာန်းပေးခဲ့ပြီး ဖြစ်ပါသည်။ ဆက်လက်၍ လူငယ်ရေးရာ မူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀-၂၀၂၄) တွင် လူငယ်ဆိုင်ရာ ကဏ္ဍများကို ပြည့်စုံစွာထည့်သွင်းရေးဆွဲ ထားရှိပြီးဖြစ်ပါသည်။

အဆိုပါ မဟာဗျူဟာစီမံချက်ပါ လူငယ်ဖွံ့ဖြိုးရေးဆိုင်ရာကဏ္ဍများကို လက်တွေ့ အကောင် အထည်ဖော်ရန် လိုအပ်ပါသည်။ သို့ပါ၍ ဆက်စပ်ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စု နယ်မြေ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၊ ပြည်တွင်းပြည်ပ အစိုးရ မဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများနှင့်အတူ လူငယ်များကိုယ်တိုင် ပူးပေါင်းပါဝင် အကောင်အထည်ဖော်ရန် တိုက်တွန်းအပ်ပါသည်။

ယခု လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် ပေါ်ထွက်လာရေး အတွက်ပါဝင်ဆောင်ရွက်ခဲ့သူအားလုံးကိုလည်းကျေးဇူးအထူးတင်ရှိကြောင်းသိရှိစေအပ်ပါသည်။

အောင်ဆန်းစုကြည်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်



# အမှာစာ

လူငယ်ထုအင်အားသည် နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးကဏ္ဍများအတွက် အဓိက အင်အားဖြစ်သည် နှင့်အညီ မြန်မာ့လူငယ်ထုအတွက် လူငယ်ရေးရာမူဝါဒကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလတွင် ပြည်ထောင်စု အစိုးရအဖွဲ့က အတည်ပြုပြဋ္ဌာန်းပေးခဲ့ပြီး ဆက်လက်၍ လူငယ် ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀-၂၀၂၄) ကို ရေးဆွဲခဲ့ပါသည်။

အဆိုပါ လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် လူငယ်ရေးရာကော်မတီဝင် လူငယ်ကိုယ်စားလှယ်များက ဆက်စပ်ပြည်ထောင်စု ဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်အတူ ပါဝင်ရေးဆွဲခဲ့ကြပါသည်။ မဟာဗျူဟာ ရေးဆွဲရေး ဗဟိုအဆင့်အစည်းအဝေးများကို နေပြည်တော်တွင် (၅) ကြိမ်၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတွင် (၃) ကြိမ်စီ ကျင်းပပြုလုပ်ခဲ့ပါသည်။

မြန်မာ့လူငယ်ထု ဘက်စုံဖွံ့ဖြိုးရေးအတွက် မဟာဗျူဟာစီမံချက်ပါ လူငယ်ဆိုင်ရာကဏ္ဍ (၁၆) ခုတွင် ပါဝင်သည့် လူငယ်ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်များကို တောင်ပေါ်မြေပြန့်၊ လူမျိုးဘာသာ၊ မခွဲခြားဘဲ ဦးစားပေးအဆင့်အလိုက် လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ရန် အရေးကြီးလှ ပါသည်။

ဤမဟာဗျူဟာ စီမံချက်သည် နိုင်ငံတော်တည်ဆောက်ရေးအတွက် အရေးပါလှသည့် စီမံချက် ဖြစ်သောကြောင့် အထူးပင် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း သိရှိစေအပ်ပါသည်။



ဒေါက်တာဝင်းမြတ်အေး

ပြည်ထောင်စုဝန်ကြီး

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်

ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

# လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀-၂၀၂၄)

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ဥယျောဇဉ် | |
| | အမှာစာ | |
| ၁။ | နိဒါန်း | ၁ - ၂ |
| ၂။ | မဟာဗျူဟာစီမံချက်၏ မိတ်ဆက် | ၃ |
| ၃။ | မျှော်မှန်းချက် | ၃ |
| ၄။ | ရည်မှန်းချက် | ၃ |
| ၅။ | ရည်ရွယ်ချက်များ | ၃ |
| ၆။ | မဟာဗျူဟာတွင် ပါဝင်သောအချက်များ | ၄ |
| ၇။ | မဟာဗျူဟာ၏ ကန့်သတ်ချက်များ | ၅ |
| ၈။ | အဓိပ္ပါယ်ဖွင့်ဆိုချက်များ | ၆ - ၇ |
| ၉။ | မဟာဗျူဟာမူဘောင်များ | |
| | ပညာရေးကဏ္ဍ | ၈ - ၁၅ |
| | ကျန်းမာရေးကဏ္ဍ | ၁၆ - ၂၀ |
| | မူးယစ်ဆေးဝါးနှင့် အခြားဘေးဖြစ်စေတတ်သည့်အန္တရာယ်များကဏ္ဍ | ၂၁ - ၂၅ |
| | အားကစားနှင့် အပန်းဖြေခြင်းကဏ္ဍ | ၂၆ - ၃၂ |
| | အလုပ်အကိုင်အခွင့်အလမ်းကဏ္ဍ | ၃၃ - ၃၉ |
| | စီးပွားရေးကဏ္ဍ | ၄၀ - ၄၅ |
| | နိုင်ငံရေးကဏ္ဍ | ၄၆ - ၅၂ |
| | စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှုကဏ္ဍ | ၅၃ - ၅၈ |
| | သုတေသနကဏ္ဍ | ၅၉ - ၆၂ |
| | သိပ္ပံနှင့် နည်းပညာကဏ္ဍ | ၆၃ - ၆၆ |
| | ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းဖြစ်မှုကဏ္ဍ | ၆၇ - ၇၁ |
| | သယံဇာတသုံးစွဲမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ | ၇၂ - ၇၅ |
| | ငြိမ်းချမ်းရေး/ဘဝလုံခြုံရေးကဏ္ဍ | ၇၆ - ၇၉ |
| | ကျား၊ မ တန်းတူညီမျှရေးကဏ္ဍ | ၈၀ - ၈၄ |
| | လူ့အခွင့်အရေးကဏ္ဍ | ၈၅ - ၈၈ |
| | နိုင်ငံတကာဆက်ဆံရေးကဏ္ဍ | ၈၉ - ၉၁ |
| ၁၀။ | အတိုကောက်စကားလုံးများ | ၉၂ |

## နိဒါန်း

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၁၄ ခုနှစ်၊ မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ လူဦးရေအချိုးအစားတွင် လူငယ်အချိုးအစားသည် သိသာထင်ရှားစွာ များပြားလျက်ရှိပြီး မြန်မာနိုင်ငံလူဦးရေ၏ (၅၁.၅) သန်းတွင် လူဦးရေအချိုးအစားအရ လူငယ်အချိုးအစားသည် သိသာထင်ရှားစွာ များပြားလျက်ရှိပါသည်။ စုစုပေါင်းလူဦးရေ၏ ၄၆.၅% (၂၃.၉) သန်းမှာ အသက် ၂၅ နှစ်အောက် လူငယ်နှင့်ကလေးများဖြစ်ကြပြီး ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ အသက် ၁၅ – ၂၄ နှစ်အောက် လူငယ်များသည် မြန်မာနိုင်ငံလူဦးရေ၏ ၁၇.၈% (၉) သန်းခန့်ရှိသည်ကိုလည်း တွေ့ရှိရသည်။ အသက် ၁၅ နှစ်မှ ၃၅ နှစ်အထိ လူဦးရေစုစုပေါင်းမှာ (၁၈) သန်းကျော်ရှိပြီး စုစုပေါင်းလူဦးရေ၏ ၃၆% နီးပါးရှိသည်။ တစ်ကမ္ဘာလုံးတွင်လည်း ကမ္ဘာ့လူဦးရေ (၇.၄) ဘီလီယံ၏တစ်ဝက်မှာ အသက် ၂၅ နှစ်အောက် လူငယ်များဖြစ်ကြသည်။

၂။ ထို့အပြင်မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ မှီတင်းနေထိုင်ရာ ပြည်ထောင်စု နိုင်ငံတစ်ခုဖြစ်သည့်အပြင် မြန်မာနိုင်ငံရှိ တိုင်းဒေသကြီး/ပြည်နယ်အားလုံး၏ လူဦးရေထက်ဝက်ဝန်းကျင်မှာ အသက် ၂၄ နှစ်အောက် လူငယ်များ ဖြစ်ကြသည်။ ထို့ပြင် မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအဓိကထားသော နိုင်ငံတစ်ခုဖြစ်သည့်အလျောက် လူငယ် (၁၀) ယောက်တွင် (၇) ယောက်မှာ ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိသည်။ ထို့ကြောင့် ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံ လူငယ်များနှင့် ကျေးလက်မြို့ပြနေ လူငယ်အားလုံးအတွက် ထိရောက်သောမူဝါဒများအစီအမံများ ချမှတ်၍လုပ်ဆောင်ရန်မှာ နိုင်ငံ၏အနာဂတ်အတွက် အသက်သွေးကြောသဖွယ် အရေးကြီးသည်။

၃။ ထို့ကြောင့် လူငယ်တို့ကြုံတွေ့နေရသော ပြဿနာအခက်အခဲများကို ဖြေရှင်းကျော်လွှား၍ မြန်မာနိုင်ငံလူငယ်များ၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ ဖွံ့ဖြိုးမှုအနာဂတ် အလားအလာကောင်းများကို ရှေ့ဆောင်လမ်းပြပေးနိုင်ရန် လူငယ်ရေးရာ မူဝါဒကို ဦးဆောင်ပြည်ထောင်စုဝန်ကြီးဌာနများ၊ လူငယ်များ၊ နည်းပညာအကြံပေးများနှင့်အတူ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီး၏ ပါဝင်မှုဖြင့်ရေးဆွဲခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ပထမဆုံး ချမှတ်ပြဋ္ဌာန်းနိုင်ခဲ့သည်။ ထိုလူငယ်ရေးရာ မူဝါဒကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ၅ နှစ်တာ မဟာဗျူဟာစီမံချက် (၂၀၂၀– ၂၀၂၄) ကို အမျိုးသားအဆင့်အဖြစ် ရေးဆွဲပြဋ္ဌာန်းခဲ့ပါသည်။

၄။ ဤမဟာဗျူဟာစီမံချက်ကို မြန်မာနိုင်ငံ တိုင်းဒေသကြီး/ပြည်နယ် လူငယ်များမှ ရွေးကောက်တင်မြှောက်ထားသော လူငယ်ရေးရာကော်မတီမှ လူငယ်ကိုယ်စားလှယ်များ ဦးဆောင်ပါဝင်ဆွေးနွေးခဲ့ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် အခြားဆက်စပ်ပြည်ထောင်စုဝန်ကြီးဌာနများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နည်းပညာအကြံပေးများ၊ United Nations Population Fund Myanmar (UNFPA–Myanmar) နှင့် အခြားဆက်စပ် နိုင်ငံတကာနှင့် ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လူထုအခြေပြုအဖွဲ့အားလုံးက ကူညီအားဖြည့်ခဲ့ပါသည်။

၅။ လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာရေးဆွဲရေး အစည်းအဝေးများကို (၄) ကြိမ်ကျင်းပခဲ့ပြီး ၂၀၁၈ ခုနှစ်၊ မတ်လ (၂၆) ရက်နေ့တွင် ပထမအကြိမ်၊ မေလ (၃၊ ၄၊ ၅) ရက်နေ့များတွင် ဒုတိယအကြိမ်၊ ဩဂုတ်လ (၅၊ ၆၊ ၇) ရက်နေ့များတွင် တတိယအကြိမ်နှင့် နိုဝင်ဘာလ (၁၁၊ ၁၂၊ ၁၃၊ ၁၄) ရက်နေ့များတွင် စတုတ္ထအကြိမ်ဆွေးနွေး၍ မူကြမ်းချမှတ် နိုင်ခဲ့ပါသည်။ ထို့နောက် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်များ တောင်းခံပြီး ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် အတည်ပြုထုတ်ပြန်ခဲ့ပါသည်။ လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာရေးဆွဲရေး ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲတစ်ခုနှင့်တစ်ခုကြားတွင် လူငယ်ကိုယ်စားလှယ်များမှ မိမိတို့ကိုယ်စားပြုထားသော တိုင်းဒေသကြီး/ပြည်နယ်များမှ လူငယ်များ၊ လူငယ်ရေးရာကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေး အကြံပြုသဘောထားများရယူခြင်း၊ လိုအပ်ချက်များနှင့် တွေ့ဆုံဆွေးနွေးခြင်းများကိုလည်း လူငယ်များပါဝင်မှုဖြင့် ပြုလုပ်ခဲ့ပါသည်။

၆။ လူငယ်ရေးရာမူဝါဒတွင် ပြဋ္ဌာန်းထားသော အဓိပ္ပါယ်ဖွင့်ဆိုချက်များအတိုင်း လိုက်နာ၍ လူငယ်တို့၏ ဦးစားပေးလိုအပ်ချက်များကို ပြည့်မီစေရန် မဟာဗျူဟာစီမံချက်ကို ၅ နှစ်တာ ကာလဟု အချိန်သတ်မှတ်ရွေးချယ် ရေးဆွဲခဲ့ပါသည်။ လူငယ်ရေးရာမူဝါဒတွင် ချမှတ်ထားသော အဓိကကဏ္ဍ (၁၆) ခုကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန် လက်တွေ့ကျကျ လုပ်ဆောင်နိုင်သည့် မဟာဗျူဟာလုပ်ငန်းစဉ်များ ရေးဆွဲခဲ့ပါသည်။

၇။ ဤမဟာဗျူဟာစီမံချက်ပါ အချက်များသည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) (၂၀၁၈–၂၀၃၀) ၏ မဟာဗျူဟာများနှင့် ဆက်စပ်လျက်ရှိပြီး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ (SDG) ကို ရရှိစေရန် အထောက်အကူပြုမည် ဖြစ်ပါသည်။

## မဟာဗျူဟာစီမံချက်၏မိတ်ဆက်

### မျှော်မှန်းချက်

၈။ လူငယ်ရေးရာမူဝါဒပါ အချက်များကို ထိရောက်စွာအကောင်အထည်ဖော်ခြင်းဖြင့် လူငယ်များအတွက် အရေးကြီး လိုအပ်လျက်ရှိသော ကဏ္ဍပေါင်းစုံတွင် ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည့် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းလာရေးအတွက် လူငယ်များက အဓိကကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်ရန် မျှော်မှန်းပါသည်။

### ရည်မှန်းချက်

၉။ လူငယ်ရေးရာမူဝါဒတွင်ပါဝင်သောအခန်းကဏ္ဍများကိုအချိန်သတ်မှတ်ချက်ဖြင့်ထိရောက်စွာလက်တွေ့အကောင်အထည်ဖော်ရန်အတွက် လမ်းညွှန်မှုဘောင်တစ်ခုအဖြစ် အသုံးပြုရန်ရည်မှန်းပါသည်။

### ရည်ရွယ်ချက်များ

၁၀။ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) မဟာဗျူဟာစီမံချက်ကို (၅) နှစ်တာအတွင်း လက်တွေ့အကောင်အထည်ဖော်ရန်၊

(ခ) မဟာဗျူဟာစီမံချက်ကို အကောင်အထည်ဖော်ရာတွင် လူငယ်များအားလုံး ပါဝင်ဆောင်ရွက်နိုင်ပြီး လူငယ်အားလုံးအတွက် အကျိုးဖြစ်ထွန်းစေရန်၊

(ဂ) မဟာဗျူဟာစီမံချက်တွင် ဖော်ပြထားသော ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ လူထုအဆင့် စသဖြင့် အဆင့်ဆင့် လက်တွေ့အကောင်အထည်ဖော်ရန်၊

(ဃ) မဟာဗျူဟာစီမံချက်ကို လူငယ်များဦးဆောင်ပါဝင်ပြီး အဓိကသက်ဆိုင်သော ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ UN အပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများ၊ လူထုအခြေပြု အဖွဲ့အစည်းများ၊ ကွန်ယက်များနှင့် သက်ဆိုင်ရာလူထုများနှင့် ပူးပေါင်း အကောင်အထည်ဖော်ရန်၊

(င) ဤမဟာဗျူဟာစီမံချက်ကို လူငယ်များအတွက် လိုအပ်သောကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပေး စည်းရုံးလှုံ့ဆော်ရာတွင် အဓိကအသုံးပြုသော ကိရိယာအဖြစ် ဆောင်ရွက်ရန်၊

## မဟာဗျူဟာတွင်ပါဝင်သောအချက်များ

၁၁။ ဤမဟာဗျူဟာစီမံချက်တွင် လူငယ်ရေးရာမူဝါဒ၌ ပါဝင်သောကဏ္ဍ (၁၆) ခုတွင် ဖော်ပြပါအချက်များကို လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ရန် မဟာဗျူဟာငယ်များကို ချမှတ်ရေးဆွဲထားပါသည်။ လူငယ်ရေးရာမူဝါဒတွင် ပါဝင်သော ကဏ္ဍ (၁၆) ခုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပညာရေးကဏ္ဍ
(ခ) ကျန်းမာရေးကဏ္ဍ
(ဂ) မူးယစ်ဆေးဝါးနှင့် အခြားဘေးဖြစ်စေတတ်သည့် အန္တရာယ်များကဏ္ဍ
(ဃ) အားကစားနှင့်အပန်းဖြေခြင်းကဏ္ဍ
(င) အလုပ်အကိုင်အခွင့်အလမ်းကဏ္ဍ
(စ) စီးပွားရေးကဏ္ဍ
(ဆ) နိုင်ငံရေးကဏ္ဍ
(ဇ) စာပေ၊အနုပညာနှင့်ယဉ်ကျေးမှုကဏ္ဍ
(ဈ) သုတေသနကဏ္ဍ
(ည) သိပ္ပံနှင့်နည်းပညာကဏ္ဍ
(ဋ) ပြည်သူ့နီတိနှင့်နိုင်ငံသားကောင်းဖြစ်မှုကဏ္ဍ
(ဌ) သယံဇာတသုံးစွဲမှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍ
(ဍ) ငြိမ်းချမ်းရေး/ဘဝလုံခြုံရေးကဏ္ဍ
(ဎ) ကျား၊ မတန်းတူညီမျှရေးကဏ္ဍ
(ဏ) လူ့အခွင့်အရေးကဏ္ဍ
(တ) နိုင်ငံတကာဆက်ဆံရေးကဏ္ဍ

၁၂။ ကဏ္ဍတစ်ခုချင်းစီ၌ မဟာဗျူဟာငယ်များခွဲ၍ မဟာဗျူဟာခွဲတစ်ခုချင်းစီ၏ ရည်ရွယ်ချက်များကို ဖော်ပြထားပါသည်။

၁၃။ ကဏ္ဍတစ်ခုချင်းစီ၌ ဤမဟာဗျူဟာစီမံချက် အကောင်အထည်ဖော်မည့် ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ဆောင်ရွက် ရမည့် လုပ်ငန်းစဉ်များကို မဟာဗျူဟာခွဲတစ်ခုချင်း၌ အသေးစိတ်ဖော်ပြထားပါသည်။ ထိုသို့ဖော်ပြရာတွင် လုပ်ငန်းစဉ် တစ်ခုချင်းစီ၌ ဆောင်ရွက်ချက်များကို ဖော်ပြထားပြီး၊ ဆောင်ရွက်ရမည့်အဆင့်၊ ဆောင်ရွက်ရန် တာဝန်ရှိသူ (အဓိက၊ ပံ့ပိုး) နှင့် ဆောင်ရွက် ရမည့်အချိန်ကာလ အပိုင်းအခြားကိုလည်း ဖော်ပြထားပါသည်။ ဆောင်ရွက်ချက်တစ်ခုချင်းစီ၏ ပြီးမြောက်မှုကို တိုင်းတာနိုင်ရန် အညွှန်းကိန်းများကို ဖော်ထုတ်သတ်မှတ်ထားပါသည်။

## မဟာဗျူဟာ၏ကန့်သတ်ချက်များ

၁၄။ မဟာဗျူဟာကို လက်တွေ့အကောင်အထည်ဖော်ရန် ရသုံးမှန်းခြေငွေစာရင်း (ဘတ်ဂျက်) ကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ အဓိကအကြောင်းအရင်းမှာ လူငယ်ရေးရာမူဝါဒ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတစ်ခုတည်းက သီးသန့် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် စီမံချက်မဟုတ်ဘဲ အခြား ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များ၊ ကဏ္ဍများနှင့် ဆက်စပ်လျက်ရှိသော (cross-cutting) ကဏ္ဍများအဖြစ် အကောင်အထည်ဖော်ရမည်ဖြစ်၍ သီးသန့်ဘတ်ဂျက်တွက်ရန် ခက်ခဲပါသည်။ ထို့အပြင် ဤမဟာဗျူဟာစီမံချက်ကို လူငယ်ရေးရာမူဝါဒ ထုတ်ပြန်အပြီး သတ်မှတ်ချိန်အတွင်း ရေးဆွဲအတည်ပြုရမည်ဖြစ်၍ ဘတ်ဂျက်ကို အသေးစိတ် တွက်ချက်ရန်အတွက် လုံလောက်သောအချိန်ကာလ မသတ်မှတ်နိုင်ပါ။ သို့ရာတွင် လူငယ်ကိုယ်စားလှယ်များနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းကာ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေး၍ ဤမဟာဗျူဟာစီမံချက်ပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၏ ဘတ်ဂျက်များတွင် လိုအပ်သော ရန်ပုံငွေကို ထည့်သွင်းရေးဆွဲရာ၌ နှစ်လတ်ဘဏ္ဍာရေးမူဘောင်ဖြင့် ခွဲဝေပေးထားသည့် အသုံးစရိတ်ဘောင်သတ်မှတ်ချက်အတွင်း ရေးဆွဲလျာထားရန်အတွက် အသိပေးအကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။ မြန်မာနိုင်ငံ လူငယ်ရေးရာကော်မတီနှင့် တိုင်းဒေသကြီး/ ပြည်နယ် လူငယ်ရေးရာကော်မတီများမှလည်း ဤမဟာဗျူဟာစီမံချက်တွင် ပါဝင်သော ၎င်းတို့ဆောင်ရွက်ရမည့် အစီအစဉ်များကို လုပ်ငန်းစဉ်များရေးဆွဲ၍ ဘတ်ဂျက်များကိုတွက်ချက်ပြီး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များနှင့် အစိုးရမဟုတ်သောအဖွဲ့များ ထံချိတ်ဆက်၍ အသုံးစရိတ်များ တောင်းခံသွားမည် ဖြစ်သည်။

## အဓိပ္ပါယ်ဖွင့်ဆိုချက်များ

### လူငယ်

၁၅။ လူငယ်ဆိုသည်မှာ အသက်အပိုင်းအခြား ၁၅ နှစ်မှ ၃၅ အတွင်းရှိ မြန်မာနိုင်ငံသားများကို ဆိုလိုသည်။

### အထူးအလေးပေးရမည့် လူငယ်များ

၁၆။ အောက်ဖော်ပြပါတို့သည် အထူးအလေးပေးစဉ်းစားရမည့် လူငယ်အမျိုးအစားများဖြစ်ပါသည်-

(က) မသန်စွမ်းလူငယ်များ (အမြင်၊ အပြော၊ အကြား၊ ဉာဏ်ရည်၊ ကိုယ်ခန္ဓာ)၊ (လူငယ်ရေးရာမူဝါဒမှ ပြန်လည်ကောက်နှုတ်တင်ပြသည်။)

(ခ) ကာကွယ်စောင့်ရှောက်မှုပေးရန်လိုအပ်သော လူငယ်များ (မိဘမဲ့၊ အုပ်ထိန်းသူမဲ့၊ လမ်းပေါ်ရောက် လေလွင့်လူငယ်များ)၊

(ဂ) ရွှေ့ပြောင်းလုပ်သားလူငယ်များ (ပြည်တွင်း၊ ပြည်ပ)၊

(ဃ) သဘာဝဘေးအန္တရာယ်၊ လူတို့ပြုလုပ်သော အန္တရာယ်ခံစားနေရသူ လူငယ်များ၊ နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်နေရသူများ (စစ်ဘေးသင့်ဒေသမှ လူငယ်များ)၊

(င) မတူကွဲပြားစွာ လိင်စိတ်ကိုင်းညွတ်မှုနှင့် လိင်ဝိသေသခံယူမှုရှိသည့် လူငယ်များ (LGBT – အမျိုးသားချင်း၊ အမျိုးသမီးချင်းချစ်သူများ၊ အမျိုးသား/သမီးနှစ်မျိုးလုံး ချစ်သူများ၊ ဆန့်ကျင်ဘက်လိင်သို့ ပြောင်းလဲခံယူနေထိုင်သူများ၊ မွေးရာပါ လိင်အင်္ဂါနှစ်မျိုးစလုံး ပါသူများ)၊

(စ) တိုင်းရင်းသားမျိုးနွယ်စုများနှင့် ဝေးလံဒေသမှလူငယ်များ၊

(ဆ) လူကုန်ကူးခံရခြင်းမှ ပြန်လည်လွတ်မြောက်လာသူများ၊ ကလေးစစ်သားအဖြစ်မှ လွတ်မြောက်လာသူများ၊

(ဇ) မူးယစ်ဆေးဝါးစွဲနေသူလူငယ်များနှင့်ဆေးဖြတ်ပြီးသူလူငယ်များ၊

(ဈ) ခုခံအားကျဆင်းမှုရောဂါကူးစက်ခံလူငယ်များ၊

(ည) လိင်လုပ်သားများ၊

(ဋ) သက်ငယ်မုဒိန်းမှုကျူးလွန်ခံရသူများ။

### အစိုးရအဖွဲ့

၁၇။ ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဒေသဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ အားလုံးပါဝင်သည်။

### ဝန်ကြီးဌာန

၁၈။ လူငယ်ရေးရာမူဝါဒတွင် ဖော်ပြပါရှိသော အခန်းကဏ္ဍအလိုက် အကောင်အထည် ဖော်ဆောင်ရွက်ရမည့် အဓိကဦးဆောင် သော ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဆက်စပ် ပြည်ထောင်စုဝန်ကြီးဌာနများ အားလုံးအကျုံးဝင်သည်။

### အဓိကဦးဆောင်သော ပြည်ထောင်စုဝန်ကြီးဌာနများ

၁၉။ အောက်ပါ ပြည်ထောင်စုဝန်ကြီးဌာနများက အဓိကဦးဆောင်ပါသည်-

(က) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊

(ခ) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊

(ဂ) ပညာရေးဝန်ကြီးဌာန။

### လူငယ်စင်တာ

၂၀။ အချင်းချင်း အပြန်အလှန်ထိတွေ့ဆက်ဆံ သင်ယူနိုင်မည့်နေရာကို ဆိုလိုသည်။

### အဖွဲ့အစည်းများ

၂၁။ အဖွဲ့အစည်းများဆိုသည်မှာလူငယ်ရေးရာမူဝါဒတွင်အကျုံးဝင်သောအကောင်အထည်ဖော်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်ပတ်သက်၍ ပါဝင်ဆောင်ရွက်လျက်ရှိသည့် လူငယ်အဖွဲ့အစည်းများ၊ လူငယ်ကွန်ရက်များနှင့် သမဂ္ဂများ၊ အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြု အသင်းအဖွဲ့များနှင့် အရပ်ဖက် လူမှုအဖွဲ့အစည်းများအားလုံး အကျုံးဝင်သည်။

### လူငယ်ရေးရာကော်မတီ

၂၂။ လူငယ်ရေးရာကော်မတီဆိုသည်မှာ လူငယ်ရေးရာကိစ္စရပ်များကို ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ပညာရှင်များ (အသိပညာ၊ အတတ်ပညာ) နှင့် လူငယ်များအကြား ပေါင်းစပ်ဖွဲ့စည်းထားသော ကော်မတီအဆင့်ဆင့်ကို ဆိုလိုသည်။

### မဟာဗျူဟာမူဘောင်များ

၂၃။ အောက်ပါအတိုင်းဖြစ်ပါသည်-

# (က)

## ပညာရေးကဏ္ဍ

အောက်ပါပါဝင်သော အချက်များသည် MSDP ၏ မဟာဗျူဟာ (၄.၁) အရည်အသွေးမြင့်မားသော ရာသက်ပန်ပညာရေးဆိုင်ရာ အခွင့်အလမ်းတန်းတူ ရရှိနိုင်ရေးနှင့် ချိတ်ဆက်လျက်ရှိပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် (၄) (SDG.4) လူသားအားလုံး အကျုံးဝင်ကာ ညီညွတ်မျှတပြီး အရည်အသွေးရှိသည့် ပညာသင်ယူနိုင်ရေးနှင့် ဘဝတစ်လျှောက် အစဉ်လေ့လာသင်ယူနိုင်သော အခွင့်အလမ်းရရှိရေးအား အထောက်အကူပြုပါမည်။

## မဟာဗျူဟာ (၁)

### ရည်ရွယ်ချက် – အခြေခံပညာရေးကို လူငယ်တိုင်း လက်လှမ်းမီအခမဲ့သင်ယူနိုင်ရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၁။ အခြေခံပညာ မတတ်မြောက်သူများ၊ အခြေခံပညာ လက်လှမ်းမီ သင်ယူနိုင်အောင် ဆောင်ရွက်ရန်နှင့် အဆင့်မြင့်ပညာသင်ယူရန် အခက်အခဲရှိသူများအတွက် အစီအစဉ်များ ဆောင်ရွက်ပေးခြင်း။ | ၁.၁။ အခြေခံပညာရေး လက်လှမ်းမမီနိုင်ရခြင်း အကြောင်းအရင်းများကို ဆန်းစစ်ဖော်ထုတ်ထားသည့် စစ်တမ်း (Out-of-school Children Initiative) အရ ဝန်ကြီးဌာန၏ နောက်ဆက်တွဲ လုပ်ငန်းစဉ်များတွင် လူငယ်များပူးပေါင်း ပါဝင်ဆောင်ရွက်ခြင်း။ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၊ ခရိုင်/မြို့နယ်/ ရပ်ကွက်/ ကျေးရွာအဆင့်၊ | လူငယ်ရေးရာ ကော်မတီ၊ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများ | ပညာရေး ဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ | ၂၀၂၀–၂၀၂၄ | • လူငယ်များ ပါဝင်သည့် လုပ်ငန်းစဉ် အရေအတွက်<br>• လုပ်ငန်းစဉ်များတွင် ပါဝင်သော လူငယ်အရေအတွက် |
| | ၁.၂။ ကျောင်းထွက်နှုန်းလျော့ချနိုင်မည့် နည်းလမ်းများကို ဖော်ဆောင်ပေးခြင်း။<br>၁.၃။ သင်ယူမည့်သူများ၏ အနေအထားကို မူတည်၍ သင့်လျော်ကိုက်ညီမည့် ပညာသင်ယူနိုင်ခွင့် အစီအစဉ်များ ဖော်ထုတ်ဆောင်ရွက်ခြင်း။<br>၁.၄။ ပညာသင်ထောက်ပံ့ကြေး အစီအစဉ်များနှင့် ကျောင်းသားချေးငွေ စနစ်များ ဆောင်ရွက်နိုင်ရန် အစီအမံများ ချမှတ်ခြင်း။<br>၁.၅။ ပညာရေးတွင်သင်ယူရန် အခက်အခဲရှိသူများ အတွက် ကျောင်းပြင်ပပညာရေး အစီအစဉ်များ၊ အချိန်ပိုင်း ပညာသင်ကြားခွင့် အစီအစဉ်များ၊ အွန်လိုင်းပညာရေး၊ ညကျောင်း အစီအစဉ်များ၊ ဒေသအသီးသီးရှိ တက္ကသိုလ်များတွင် ရုံးချိန်ပြင်ပ ဒီပလိုမာသင်တန်းများ၊ ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်ခြင်း။ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | ပညာရေး ဝန်ကြီးဌာန၊ | လူငယ်ရေးရာ ကော်မတီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ | | • ပညာရေးဝန်ကြီးဌာန၏ ပြည်ထောင်စု လွှတ်တော်သို့ တင်ပြရသော နှစ်စဉ် လုပ်ငန်းအစီရင်ခံစာ (ရှိ/ မရှိ)<br>• ထောက်ပံ့ကြေး ရရှိသူ ကျောင်းသား အရေအတွက်<br>• ကျောင်းသားချေးငွေ စနစ်များ ဆောင်ရွက်နိုင်ရန် အစီအမံရှိ/မရှိ<br>• အစီအစဉ် အမျိုးအစား အရေအတွက်<br>• အမျိုးအစားအလိုက် အစီအစဉ် အရေအတွက် |

## မဟာဗျူဟာ (၂)

ရည်ရွယ်ချက် – လက်တွေ့လုပ်ငန်းခွင်နှင့် အံဝင်ခွင်ကျဖြစ်စေမည့် နည်းပညာနှင့်သက်မွေးပညာရေး တစ်ပြေးညီလက်လှမ်းမီ သင်ယူနိုင်ရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၂။ လက်တွေ့ လုပ်ငန်းခွင်နှင့် ဆက်စပ်စေသည့် ပညာရေးစနစ် ဖြစ်လာစေခြင်းနှင့် နည်းပညာနှင့် သက်မွေးပညာ ဆိုင်ရာ သတင်း အချက်အလက်များကို လူငယ်များ လက်လှမ်းမီနိုင်ရေး ဆောင်ရွက်ခြင်း။ | ၂.၁။ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းတွင် ဖော်ပြထားသော နည်းပညာနှင့်သက်မွေးပညာဆိုင်ရာ လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ရေတို၊ ရေရှည်မျှော်မှန်းချက်များနှင့် ချိန်ထိုးပြီး ဆန်းစစ်လေ့လာခြင်း လုပ်ငန်းစဉ်တွင် လူငယ်များ ပူးပေါင်းပါဝင်ခြင်း။<br>၂.၂။ လုပ်ငန်းခွင် ဝင်ရောက်ရေး အဆင်သင့်ဖြစ်မှု အစီအစဉ်များကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ (Internship, pre/on job training , Apprentice) | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၊ | လူငယ်ရေးရာ ကော်မတီ၊ | ပညာရေးဝန်ကြီးဌာန | ၂၀၂၀–၂၀၂၄ | • လူငယ်များ ပါဝင်သည့် လုပ်ငန်းစဉ် အရေအတွက်<br>• လုပ်ငန်းစဉ်များတွင် ပါဝင်ခွင့်ရသည့် လူငယ်အရေအတွက်<br>• ချိတ်ဆက်အဖွဲ့အစည်း၊ ဌာနအရေအတွက်<br>• ချိတ်ဆက်ဆောင်ရွက်မှု အစီအစဉ် အရေအတွက် |
| | ၂.၃။ လူငယ်စင်တာများတွင် နည်းပညာနှင့် သက်မွေးပညာရေး အခွင့်အလမ်းဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်း။ | တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၊ ခရိုင်/မြို့နယ်အဆင့် | လူငယ်ရေးရာ ကော်မတီ၊ | ပညာရေး ဝန်ကြီးဌာန၊ ပြန်ကြားရေး ဝန်ကြီးဌာန | ၂၀၂၀–၂၀၂၄ | • နည်းပညာနှင့် သက်မွေးပညာရေး ဆိုင်ရာ သတင်း အချက်အလက်များကို ရယူသည့် လူငယ်အရေအတွက်<br>• သတင်းအချက်အလက် ဖြန့်ဝေသည့် အကြိမ်အရေအတွက် |

မဟာဗျူဟာ (၃)

ရည်ရွယ်ချက် – ကျောင်းသင်ခန်းစာများတွင် တိုင်းရင်းသားလူမျိုးအသီးသီး၏ ယဉ်ကျေးမှုနှင့်ဓလေ့ထုံးတမ်း၊ သမိုင်းကြောင်းအမှန်နှင့် အမျိုးသားကြွန်အင်လက္ခဏာ အမွေအနှစ် များကို အချင်းချင်း အပြန်အလှန် လေးစားမြတ်နိုးတတ်ရန်၊ ကိုယ်ကျင့်တရားနှင့် ကျင့်ဝတ်သိက္ခာတန်ဖိုးများကို ထိန်းသိမ်းတတ်ရန်ရည်ရွယ်သည့် သင်ခန်းစာများထည့်သွင်းရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၃။ အခြေခံပညာ၊ အဆင့်မြင့်ပညာကျောင်း ပြဋ္ဌာန်းစာအုပ်များတွင် ဖော်ပြချက်များကို လေ့လာသုံးသပ်ခြင်း။ | ၃.၁။ အမျိုးသားသင်ရိုးညွှန်းတမ်း ကော်မတီမှ ချမှတ်လိုက်သော သင်ရိုးညွှန်းတမ်းစံနှင့် ပြဋ္ဌာန်းစာအုပ်ပါ ဖော်ပြချက်များသည် တိုင်းရင်းသားလူမျိုး အသီးသီး၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်း၊ သမိုင်းကြောင်းအမှန်နှင့် အမျိုးသား ကြွန်အင်လက္ခဏာ အမွေအနှစ်များ ထည့်သွင်းရေးဆွဲ သင်ကြားနေခြင်း ရှိ/မရှိ လေ့လာသုံးသပ်ခြင်းနှင့် အကြံပြုချက်များ ထုတ်ပြန်ခြင်း။ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | လူငယ်ရေးရာ ကော်မတီ၊ | ပညာရေးဝန်ကြီးဌာန၊ အမျိုးသား သင်ရိုးညွှန်းတမ်း ကော်မတီ၊ သင်ကြားရေးဆိုင်ရာ ဆရာ/ဆရာမများ | ၂၀၂၀–၂၀၂၄ | • အကြံပြုချက် အစီရင်ခံစာ ပြုစုပြီးစီးခြင်း (ပြီး/မပြီး) |
| | ၃.၂။ သင်ရိုးလေ့လာဆန်းစစ်ချက်၊ သင်ကြားသင်ယူမှု လေ့လာဆန်းစစ်ချက်၊ သုတေသနရလဒ်များကို အခြေပြု၍ ဆက်စပ်သော ပညာရပ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိက ပညာရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးကာ အကြံပြုတင်ပြချက်များ ပြုစုခြင်း။ | ပြည်ထောင်စုအဆင့် | | | | • အကြံပြုချက် အစီရင်ခံစာ |
| | ၃.၃။ အကြံပြုတင်ပြချက်များကို ပညာရေးဝန်ကြီးဌာနထံ တင်ပြကာ ဆွေးနွေးညှိနှိုင်းခြင်း။ | ပြည်ထောင်စုအဆင့် | | | | • တင်ပြပြီးစီးခြင်း (ပြီး/ မပြီး) |

## မဟာဗျူဟာ (၄)

ရည်ရွယ်ချက် – သင်ကြားသင်ယူမှုလုပ်ငန်းစဉ်တွင် ပျော်ရွှင်၍ စိတ်ဖိစီးမှုနှင့်ခွဲခြားဆက်ဆံမှုကင်းပြီး လုံခြုံမှုရှိသောပညာသင်ယူမှုဝန်းကျင် ဖန်တီးပေးရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၄။ ပညာရေးစစ်ဆေး အကဲဖြတ်ခြင်း၊ မူဝါဒနှင့် ချိန်ညှိဆန်းစစ်ခြင်း။ | ၄.၁။ လက်ရှိ ပညာရေး စစ်ဆေးအကဲဖြတ်ခြင်း မူဝါဒအား ပြန်လည်ဆန်းစစ်ခြင်း လုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ခြင်း။ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | လူငယ်ရေးရာ ကော်မတီ | ပညာရေးဝန်ကြီးဌာန | ၂၀၂၀–၂၀၂၄ | • ကဏ္ဍအလိုက် ပတ်သက် ဆက်နွှယ်သူ လူငယ်များ ပါဝင်နိုင်သည့် အရေအတွက် |

## မဟာဗျူဟာ (၅)

ရည်ရွယ်ချက် – အခြေခံပညာသင်ရိုးညွှန်းတမ်းများတွင် ဘဝတွက်တာကျွမ်းကျင်စရာ ဘာသာရပ်၊ စာရိတ္တနှင့်ပြည်သူ့နီတိဘာသာရပ်ကို ထိရောက်စွာသင်ကြားရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၅။ ဘဝတွက်တာနှင့် ပြည်သူ့နီတိ ဘာသာရပ်များကို လက်တွေ့သင်ကြားမှု ရှိ/မရှိ လေ့လာဆန်းစစ်ခြင်း။ | ၅.၁။ ဘဝတွက်တာနှင့် ပြည်သူ့နီတိ ဘာသာရပ်များကို လက်တွေ့သင်ကြား သင်ယူမှု အခြေအနေကို ဆန်းစစ်လေ့လာခြင်း။ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | လူငယ်ရေးရာ ကော်မတီ၊ | ပညာရေးဝန်ကြီးဌာန | ၂၀၂၀–၂၀၂၄ | • ဆန်းစစ်လေ့လာခြင်း အစီရင်ခံစာ (ရှိ/မရှိ) |

## မဟာဗျူဟာ (၆)

ရည်ရွယ်ချက်- အသက်မွေးဝမ်းကျောင်းဆိုင်ရာ လေ့ကျင့်သင်တန်းကျောင်းများကို ဖွင့်လှစ်ပြီး လူငယ်များနှင့်အထူးအလေးပေးရမည့် လူငယ်များလက်လှမ်းမီ တက်ကြွစွာသင်ယူနိုင်ရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့်အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၆။ နည်းပညာနှင့် သက်မွေးပညာရေး၊ လေ့ကျင့်ရေး ကျောင်းများတွင် အထူးအလေးပေးရမည့် လူငယ်များ၏ အခန်းကဏ္ဍကို ပိုမိုပါဝင်ခွင့်ပေးရန် ဆောင်ရွက်ခြင်း။ | ၆.၁။ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၀)၊ အခန်း (၁၁) ကို အကောင်အထည် ဖော်ဆောင်ရာတွင် အထူးအလေးပေးရမည့် လူငယ်များ ပိုမိုပါဝင်နိုင်မည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်နှင့် ယင်းတို့အပေါ် နည်းအမျိုးမျိုးဖြင့် ခွဲခြားဆက်ဆံခြင်းများ ပပျောက်ရေး ဆောင်ရွက်ခြင်း။ | ပြည်ထောင်စုအဆင့်၊ | ပညာရေး ဝန်ကြီးဌာန၊ လူမှု/ကယ်ဆယ် ဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန | မြန်မာနိုင်ငံ လူငယ်ရေးရာ ကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ၂၀၂၀-၂၀၂၄ | • အခွင့်အလမ်း အရေအတွက်<br>• အခွင့်အလမ်း ရရှိသူ အရေအတွက်<br>• ခွဲခြားဆက်ဆံခံရသည့် တိုင်ကြားစာ အရေအတွက် |

## မဟာဗျူဟာ (၇)

ရည်ရွယ်ချက် – တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားပညာရေးကျောင်းများကို သက်ဆိုင်ရာတိုင်းရင်းသားများ နေထိုင်သောဒေသတွင် လွတ်လပ်စွာ ဖွင့်လှစ်တည်ထောင်ခွင့်ရှိရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၇။ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားပညာရေး ကျောင်းများကို သက်ဆိုင်ရာ တိုင်းရင်းသားများ နေထိုင်သောဒေသများတွင် နိုင်ငံတော်မှ အသိအမှတ်ပြုစေရန်နှင့် လွတ်လပ်စွာ ဖွင့်လှစ်တည်ထောင်ခွင့် ရရှိနိုင်ရေးအတွက် လိုအပ်သော ဥပဒေမူဘောင်ဆိုင်ရာ အပြောင်းအလဲများ ဆောင်ရွက်ခြင်း။ | ၇.၁။ အမျိုးသားပညာရေး ဥပဒေတွင် အမျိုးသားပညာရေး ကျောင်းများကို သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးများ နေထိုင်သော ဒေသများတွင် လွတ်လပ်စွာဖွင့်လှစ် တည်ထောင်ခွင့်နှင့် ဖွင့်လှစ်တည်ထောင် ခဲ့ပြီးသော အမျိုးသားရေး ကျောင်းများ၏ တရားဝင်မှု၊ အထောက်အပံ့များ ရရှိမှု၊ ပညာရေး ပေါင်းကူးအစီအစဉ်တို့နှင့် စပ်လျဉ်းသည့် မူဝါဒများ ထည့်သွင်းပြဋ္ဌာန်းခြင်း၊ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | လွှတ်တော်အားလုံး၊ တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန | တိုင်းရင်းသား လူမျိုးများ ဖွင့်လှစ်တည်ထောင် ထားသည့် အမျိုးသား ကျောင်းများ၊ မြန်မာနိုင်ငံ လူငယ်ရေးရာ ကော်မတီ၊ ပညာရေး ဝန်ကြီးဌာန | ၂၀၂၀-၂၀၂၄ | • အမျိုးသား ပညာရေး ဥပဒေနှင့် အခြေခံပညာရေး ဥပဒေတို့တွင် တိုင်းရင်းသား လူမျိုးများက လွတ်လပ်စွာ ဖွင့်လှစ် တည်ထောင်ထားသော အမျိုးသား ကျောင်းများနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များ ပါဝင်ခြင်း။ (ပါ/မပါ)<br>• တိုင်းရင်းသား လူမျိုးများက လွတ်လပ်စွာ ဖွင့်လှစ်တည်ထောင် ထားသော အမျိုးသား ကျောင်းများအား အစိုးရမှ ထောက်ပံ့ကူညီမှု အမျိုးအစား အရေအတွက်<br>• တိုင်းရင်းသား လူမျိုးများက မိမိတို့ဒေသ အသီးသီးတွင် လွတ်လပ်စွာ ဖွင့်လှစ် တည်ထောင်ပေးထားသော အမျိုးသား ကျောင်းများအား အစိုးရမှ ထောက်ပံ့ကူညီမှု အမျိုးအစား အရေအတွက် မူဝါဒပြဋ္ဌာန်း ပြီးစီးခြင်း (ပြီး/မပြီး)<br>• ဥပဒေမူဘောင်များချမှတ်ပြီးစီးခြင်း (ပြီး/မပြီး)<br>• တိုင်းရင်းသား လူမျိုးများက မိမိတို့ဒေသ အသီးသီးတွင် လွတ်လပ်စွာ ဖွင့်လှစ် တည်ထောင် ပေးထားသော အမျိုးသားကျောင်း အရေအတွက် |

## မဟာဗျူဟာ (၈)

ရည်ရွယ်ချက် – ကျောင်းသားလူငယ်များအတွင်း အားကစားကို ထိရောက်စွာလုပ်ရှားကစားနိုင်စေရေးအတွက် လိုအပ်သောအားကစားကွင်း၊ အားကစားရုံများ တည်ဆောက်ပြုပြင်ပေးရန်နှင့် အားကစားနည်းစနစ်များ သင်ကြားလေ့ကျင့်ပေးရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၈။ အခြေခံပညာ ကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ အတွက် အားကစားမြှင့်တင်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း ရှိ/မရှိ လေ့လာဆန်းစစ်ခြင်း။ | ၈.၁။ အခြေခံပညာ ကျောင်းများတွင် အားကစားအချိန်များ၌ အားကစား ဆောင်ရွက်ခြင်း ရှိ/မရှိ လေ့လာဆန်းစစ်ခြင်းနှင့် ကြပ်မတ်ဆောင်ရွက်ခြင်း။ | တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | တိုင်းဒေသကြီး/ ပြည်နယ် လူမှုရေး ဝန်ကြီးများ၊ လူငယ်ရေးရာ ကော်မတီ၊ | ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန | ၂၀၂၀-၂၀၂၄ | • လေ့လာဆန်းစစ်ခြင်း အကြိမ်အရေအတွက် |
| | ၈.၂။ အားကစားကို ထိရောက်စွာ လှုပ်ရှားကစားနိုင်စေရန် လိုအပ်သော အခြေခံ အဆောက်အဦများ၊ ပစ္စည်းကိရိယာများ၊ နည်းပညာများ ပံ့ပိုးပေးရန် ဆောင်ရွက်ခြင်း။ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | ပညာရေးဝန်ကြီးဌာန | | | • ဆန်းစစ်တွေ့ရှိချက်အရ ပြည့်စုံအောင် ပံ့ပိုးပြီး ကျောင်းအရေအတွက် |

## မဟာဗျူဟာ (၉)

ရည်ရွယ်ချက် – အဆင့်မြင့်ပညာကဏ္ဍတွင် နိုင်ငံရေးဆိုင်ရာဘာသာရပ်များ၊ ငြိမ်းချမ်းရေးဆိုင်ရာဘာသာရပ်များ၊ ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ပညာရပ်များ ထည့်သွင်းသင်ကြားပေးရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၉။ အဆင့်မြင့်ပညာအဆင့်၊ ဝိဇ္ဇာ၊ သိပ္ပံ တက္ကသိုလ်များတွင် နိုင်ငံရေးဆိုင်ရာ ဘာသာရပ်များ ဖွင့်လှစ်သင်ကြားပေးခြင်း။ | ၉.၁။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဝိဇ္ဇာ၊ သိပ္ပံ တက္ကသိုလ်များတွင် နိုင်ငံရေးသိပ္ပံ ဘာသာရပ်ကို ဘွဲ့ကြိုတန်းမှ စတင်သင်ယူခွင့် ရရှိအောင် ဆောင်ရွက်ခြင်း။ | ပြည်ထောင်စုအဆင့် | ပညာရေးဝန်ကြီးဌာန | လူငယ်ရေးရာ ကော်မတီ | ၂၀၂၀-၂၀၂၄ | • နိုင်ငံရေးသိပ္ပံ ဘာသာရပ်ကို ဘွဲ့ကြိုတန်းမှ စတင်သင်ယူနိုင်သည့် တက္ကသိုလ် အရေအတွက် |

# (၁)

## ကျန်းမာရေးကဏ္ဍ

အောက်ပါပါဝင်သော အချက်များသည် MSDP ၏မဟာဗျူဟာ (၄.၂) ဆင်းရဲနွမ်းပါးသူများကို အလေးထားသည့် လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည့် ကျန်းမာရေးဝန်ဆောင်မှုစနစ်များ ခိုင်မာအားကောင်းရေးနှင့် ချိတ်ဆက်လျက်ရှိပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် (၃) (SDG.3) လူတိုင်းစေ့ ကျန်းမာရေးနှင့် သာယာဝပြောရေးကို အထောက်အကူပြုပါမည်။

## မဟာဗျူဟာ (၁)

ရည်ရွယ်ချက် – အသက်အရွယ်နှင့်ညီမျှသော ကျန်းမာရေး မျိုးဆက်ပွားနှင့် လိင်မှုဆိုင်ရာ ကျန်းမာရေးဗဟုသုတများကို လူငယ်များအားလုံး လက်လှမ်းမီစေရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၁။ လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားမှုဆိုင်ရာ ကျန်းမာရေးနှင့် အခွင့်အရေး သင်ခန်းစာများကို ထိရောက်စွာသင်ကြားခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း။ | ၁.၁။ မျိုးပွားခြင်းသဘာဝနှင့် လူမှုဆိုင်ရာ ဘဝတွက်တာ သိမှတ်စရာများ (Comprehensive Sexuality Education–CSE) စံသတ်မှတ်ချက်အတိုင်း လူငယ်ပညာပေး လုပ်ငန်းများတွင် ပါဝင်လာစေခြင်း။ | ပြည်ထောင်စုအဆင့် | ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ ပညာရေး ဝန်ကြီးဌာန၊ | လူမှု/ကယ်ဆယ် ဝန်ကြီးဌာန၊ CSO, INGO, NGO, UN | ၂၀၂၀–၂၀၂၄ | • ပညာပေး အစီအစဉ်များတွင် CSE ထည့်သွင်း ပြီးစီးခြင်း (ပြီး/မပြီး) |
| | ၁.၂။ အခြေခံ/အဆင့်မြင့် ကျောင်းများတွင် သင်ကြားရန်၊ ကျောင်းပြင်ပတွင်လည်း သင်ကြားခြင်း။ | | | | | • CSE သင်ကြားနေသော ကျောင်းအရေအတွက် |
| | ၁.၃။ သင်ကြားမည့်ဆရာ၊ ဆရာမများ၏ စွမ်းရည် မြှင့်တင်ပေးရန်နှင့် ကျွမ်းကျင်ပညာရှင်များဖြင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ | | | | | • CSE သင်ကြားနေသော ဆရာ/ဆရာမ အရေအတွက်<br>• CSE သင်တန်း ရရှိပြီးသော ကျန်းမာရေးဝန်ထမ်း အရေအတွက် |
| | ၁.၄။ ရုပ်သံ/မီဒီယာများမှတဆင့် CSE သင်ခန်းစာများ၊ သဘောတရားများကို စီစဉ်တင်ဆက်ခြင်း။ | | | | | • ရုပ်သံအစီအစဉ်/ မီဒီယာ အစီအစဉ် အရေအတွက် |
| | ၁.၅။ သင်ထောက်ကူပစ္စည်းများ လုံလောက်စွာ ပံ့ပိုးပေးခြင်း။ | | | | | • သင်ထောက်ကူ ပစ္စည်းအမျိုးအစား အရေအတွက် |

## မဟာဗျူဟာ (၂)

ရည်ရွယ်ချက် – လူငယ်များအတွက်ယုံကြည်စိတ်ချရသော ကျန်းမာရေးစောင့်ရှောက်မှုကို လူငယ်များအားလုံးမှလက်လှမ်းမီရရှိစေရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၂။ လူငယ်များအတွက် ကျန်းမာရေး ဝန်ဆောင်မှု တိုးမြှင့်ခြင်းနှင့် စောင့်ကြည့် လေ့လာခြင်း။ | ၂.၁။ စံသတ်မှတ်ချက်တိုင်းကို လိုက်နာ ဆောင်ရွက်စေခြင်း။<br>၂.၂။ လူငယ်များအတွက် ရရှိနိုင်သော ကျန်းမာရေး ဝန်ဆောင်မှုများကို အချိန်နှင့်တပြေးညီ သတင်းအချက်အလက် မျှဝေခြင်း။<br>၂.၃။ အထူးအလေးပေးရမည့် လူငယ်များအတွက် ဆောင်ရွက်လျက်ရှိသော ကျန်းမာရေး ဝန်ဆောင်မှု အရည်အသွေးနှင့် လက်လှမ်းမီမှုကို အဆင့်မြှင့်တင်ခြင်း။<br>၂.၄။ လူငယ်များအတွက် ဆောင်ရွက်လျက်ရှိသော ကျန်းမာရေး ဝန်ဆောင်မှု အရည်အသွေးနှင့် လက်လှမ်းမီမှုကို အဆင့်မြှင့်တင်ခြင်း။<br>၂.၅။ အမျိုးသမီးငယ်များအတွက် ကိုယ်ဝန်ဆောင်စဉ်၊ မီးဖွားစဉ်၊ မီးတွင်းကာလနှင့် ကိုယ်ဝန်ပျက်ကျခြင်း များတွင် အရည်အသွေးပြည့်ဝသော ဝန်ဆောင်မှုများ လက်လှမ်းမီ အချိန်မီရရှိစေခြင်း။<br>၂.၆။ သန္ဓေတားဆေး/သားဆက်ခြားဆေး အပါအဝင်အရည်အသွေးနှင့် မျိုးဆက်ပွား ကျန်းမာရေး စောင့်ရှောက်မှုများ လက်လှမ်းမီအချိန်မီ ရရှိစေခြင်း။ | ပြည်ထောင်စုအဆင့်/ တိုင်းဒေသကြီး/ ပြည်နယ် အဆင့် | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | လူမှု/ကယ်ဆယ် ဝန်ကြီးဌာန၊ လူငယ်ရေးရာ ကော်မတီ၊ CSO, INGO, NGO, UN | ၂၀၂၀-၂၀၂၄ | • ကျန်းမာရေးဝန်ဆောင်မှု သတင်းအချက်အလက် ဖြန့်ဝေမှု အကြိမ်ရေ၊ စံကိုက် အရည်အသွေးပြည့် ဝန်ဆောင်မှု ပေးနေသော ဝန်ဆောင်မှုပေးသူ အရေအတွက်၊ စံကိုက် အရည်အသွေး ဝန်ဆောင်မှု ရရှိသူ လူငယ်အရေအတွက်<br>• ဆယ်ကျော်သက် မွေးဖွားမှုနှုန်း<br>• ဆယ်ကျော်သက် လူငယ် သန္ဓေတားဆေး/ သားဆက်ခြားဆေး သုံးစွဲမှုနှုန်း |

## မဟာဗျူဟာ (၃)

ရည်ရွယ်ချက် – လူငယ်များအကြား ကျန်းမာရေးလိုအပ်ချက် အခြေအနေမှန်များကို သိရှိစေရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
| --- | --- | --- | --- | --- | --- | --- |
| | | | အဓိက | ပံ့ပိုး | | |
| ၃။ လူငယ်များနှင့် သက်ဆိုင်သော ကျန်းမာရေးဆိုင်ရာ စစ်တမ်းများ ကျယ်ကျယ်ပြန့်ပြန့် ကောက်ယူခြင်းနှင့် စောင့်ကြည့် လေ့လာခြင်း။ | ၃.၁။ လူငယ်များ၏ လိုအပ်ချက်များ/ ရောဂါနှင့် ပြဿနာများကို ဖော်ထုတ်သော စစ်တမ်းများ ကောက်ယူခြင်း။<br>၃.၂။ စစ်တမ်းရလဒ်များကို အများသိစေရန် အသိပေးခြင်း။<br>၃.၃။ စစ်တမ်းများမှ ရလဒ်များကို အခြေခံကာ လူငယ်များအတွက် ကျန်းမာရေး ဝန်ဆောင်မှုများကို အကောင်အထည် ဖော်ခြင်း။<br>၃.၄။ စစ်တမ်းများ ကောက်ယူခြင်း လုပ်ငန်းစဉ် တစ်လျှောက်တွင် လူငယ်များကိုယ်တိုင် သင့်လျော်သည့် နည်းလမ်းများဖြင့် ပါဝင်ဆောင်ရွက်ခြင်း။ | ပြည်ထောင်စုအဆင့် | ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ လူငယ်ရေးရာ ကော်မတီ | လူမှု/ကယ်ဆယ် ဝန်ကြီးဌာန၊ CSO, INGO, NGO, UN, | ၂၀၂၀–၂၀၂၄ | • စစ်တမ်းအရေအတွက်<br>• အသိပညာပေး အကြိမ်ရေ<br>• ဝန်ဆောင်မှုများကို အကောင်အထည်ဖော် ပြီးစီးခြင်း အစီရင်ခံစာ (ပြီး/မပြီး)<br>• လူငယ်များပါဝင်သော စစ်တမ်း အရေအတွက်<br>• စစ်တမ်းတွင် ပါဝင်သူ လူငယ် အရေအတွက် |

## မဟာဗျူဟာ (၄)

ရည်ရွယ်ချက် – အကြမ်းဖက်မှု၊ လူကုန်ကူးမှုနှင့်လိင်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းခံခဲ့ရသော လူငယ်လူရွယ်များ၊ ပဋိပက္ခအမျိုးမျိုးနှင့် ရင်ဆိုင်ရသောလူငယ်များအတွက် ကျန်းမာရေးအလေးပေးဆောင်ရွက်ရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၄။ အကြမ်းဖက်မှု၊ လူကုန်ကူးမှုနှင့် လိင်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်း ခံခဲ့ရသော လူငယ်လူရွယ်များ၊ ပဋိပက္ခ အမျိုးမျိုးနှင့် ရင်ဆိုင်ကြုံတွေ့ နေရသော လူငယ်လူရွယ်များအတွက် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ အရည်အသွေး ပြည့်ဝသည့် ကျန်းမာရေး ဝန်ဆောင်မှုနှင့် လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုတို့ ရရှိရေး ဆောင်ရွက်ပေးခြင်း။ | ၄.၁။ တိုင်းဒေသကြီး/ပြည်နယ်အဆင့်/ခရိုင်အဆင့်/မြို့နယ်/တိုက်နယ်အဆင့်ဆေးရုံများတွင် One Stop Crisis Center (OSCC) များအဖြစ် အခြားသက်ဆိုင်ရာ တာဝန်ရှိသူများ (မူခင်းဆရာဝန်၊ ရှေ့နေ၊ ဥပဒေပညာရှင်၊ လူမှုဝန်ထမ်း) စသည်တို့နှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း။ | နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ခရိုင်/မြို့နယ်အဆင့် | ပြည်ထဲရေး ဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ လူမှု/ကယ်ဆယ် ဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် အမျိုးသမီးကော်မတီ | ပြန်ကြားရေး ဝန်ကြီးဌာန၊ CSO, INGO, NGO, UN, လူငယ်ရေးရာ ကော်မတီ | ၂၀၂၀–၂၀၂၄ | • ကျား/မအခြေပြု အကြမ်းဖက်မှု ခံစားရသူများ အတွက် One Stop Services ပေးနိုင်သော ဆေးရုံ အရေအတွက်<br>• ချိတ်ဆက်ဆောင်ရွက်သူ ပညာရှင်အမျိုးအစား အရေအတွက်<br>• အမျိုးအစားအလိုက် ပညာရှင် အရေအတွက် |

# (၈)

## မူးယစ်ဆေးဝါးနှင့် အခြားဘေးဖြစ်စေတတ်သည့် အန္တရာယ်များကဏ္ဍ

အောက်ပါပါဝင်သော အချက်များသည် MSDP ၏ မဟာဗျူဟာ (၄.၃) သဟဇာတဖြစ်ပြီး စနစ်များ၏ ခြုံငုံချိတ်ဆက်မှုကို အခြေခံသော ဘဝသက်တမ်းတစ်လျှောက်လုံး လူမှုဘဝ ကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ရေးနှင့်ချိတ်ဆက်လျက်ရှိပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် (၃) (SDG.3) ၏ ရည်မှန်းချက် (၃.၅) မူးယစ်ဆေးဝါး သုံးစွဲခြင်းနှင့် အန္တရာယ်ဖြစ်စေသော အရက်သေစာ သောက်စားခြင်းအပါအဝင် မူးယစ်ဆေးသုံးစွဲသူများနှင့် အရက်စွဲသူများကို ကုသခြင်းနှင့် ကာကွယ်မြှင့်တင်ဆောင်ရွက်ရေးကို အထောက်အကူပြုပါမည်။

## မဟာဗျူဟာ (၁)

ရည်ရွယ်ချက် – လူငယ်များကိုမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်မှ ထိရောက်စွာကာကွယ်ပေးရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတတ်သော ဆေးဝါးများနှင့် အခြား ဘေးဖြစ်စေတတ်သော အန္တရာယ်မှ ထိရောက်စွာ ကာကွယ်ပေးခြင်း။ | ၁.၁။ မိဘများ၊ အုပ်ထိန်းသူများ၏ မူးယစ်ဆေးဝါးဆိုင်ရာ အသိနှင့် အုပ်ထိန်းမှုစွမ်းရည်ကို မြှင့်တင်ပေးခြင်း။ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | မူးယစ်ဗဟို၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ လူမှု/ကယ်ဆယ် ဝန်ကြီးဌာန၊ လူငယ်ရေးရာကော်မတီ | မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ နိုင်ငံရေး ပါတီများ၊ အရပ်ဖက် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ | ၂၀၂၀-၂၀၂၄ | • မိဘများ အသိပညာပေး အစီအစဉ် အရေအတွက် |
| | ၁.၂။ မူးယစ်ဆေးဝါးနှင့် အခြား ဘေးဖြစ်စေတတ်သော အန္တရာယ်များမှ ကင်းဝေးသော စိတ်ချလုံခြုံသည့် ပတ်ဝန်းကျင်ကောင်း တစ်ရပ် ဖြစ်ပေါ်စေခြင်း။ (မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများကို လက်လှမ်းမီ အလွယ်တကူ ရရှိမှုမရှိစေရန် ကာကွယ်ခြင်း) | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | မူးယစ်ဗဟို၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ လူမှု/ကယ်ဆယ် ဝန်ကြီးဌာန၊ လူငယ်ရေးရာကော်မတီ၊ | | | • ကျောင်းပတ်ဝန်းကျင်တွင် မူးယစ်ဆေး ကင်းဝေးသော ကျောင်းအရေအတွက် |
| | ၁.၃။ သုတေသနလုပ်ငန်းစဉ် ပြန်လည်သုံးသပ်ခြင်း။ (နှစ်စဉ်) | | | | | • ပြန်လည်သုံးသပ်မှု အစီရင်ခံစာ ပြုစုပြီးစီးခြင်း (ပြီး/မပြီး) |
| | ၁.၄။ မူးယစ်ဆေးသုံးစွဲမှု လျှော့ချရေး (Demand reduction) နှင့် အန္တရာယ်လျှော့ချရေး (Harm reduction) သင့်လျော် မှန်ကန်သော ပညာပေး အစီအစဉ်များအား လက်လှမ်းမီစေခြင်း။ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | မူးယစ်ဗဟို၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ လူမှု/ကယ်ဆယ် ဝန်ကြီးဌာန၊ လူငယ်ရေးရာကော်မတီ၊ | | | • ကျောင်းတွင်း ပညာပေးအစီအစဉ် အရေအတွက်<br>• ထိရောက်စွာ အရေးယူပြီး အမှုအရေအတွက် |

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| | ၁.၅။ ဒေသအလိုက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာစေခြင်း။<br>၁.၆။ အသိပညာနှင့် အားကစားဆိုင်ရာ အရည်အသွေးများ မြှင့်တင်ပေးနိုင်ရန် ရင်းနှီးမြှုပ်နှံခြင်း။<br>၁.၇။ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော အရာများအား ထုတ်လုပ်ဖြန့်ဖြူး ရောင်းဝယ် ဖောက်ကားခြင်းမှ ထိရောက်စွာ ကာကွယ်ခြင်း။ | | | | | |

## မဟာဗျူဟာ (၂)

ရည်ရွယ်ချက် – မူးယစ်ဆေးဝါးအန္တရာယ်မှ ကာကွယ်ရေးလုပ်ငန်းများတွင် လူငယ်များမှ တက်ကြွစွာ ဦးဆောင်ပါဝင်လာစေရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၂။ လုပ်ငန်းစဉ်များ အကောင်အထည် ဖော်ရာတွင် လူငယ်များကို ဦးဆောင် ပါဝင်စေခြင်း။ | ၂.၁။ မိမိကိုယ်မိမိ ယုံကြည်မှု မြင့်တက်စေပြီး လူငယ်များ ခေါင်းဆောင်မှုစွမ်းရည် မြှင့်တင်ပေးခြင်း၊ သက်တူရွယ်တူ လူငယ်အချင်းချင်း နှစ်သိမ့်ဆွေးနွေးခြင်း၊ အားပေးကူညီ ဦးဆောင်ပါဝင် လာစေခြင်း။ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | လူမှု/ကယ်ဆယ် ဝန်ကြီးဌာန၊ လူငယ်ရေးရာ ကော်မတီ | ပညာရေး ဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ CSO, INGO, NGO, UN | ၂၀၂၀–၂၀၂၄ | • ခေါင်းဆောင်မှုသင်တန်း တက်ပြီးသူ လူငယ်အရေအတွက်<br>• လူငယ်အချင်းချင်း ပညာပေးသူ အရေအတွက် |

## မဟာဗျူဟာ (၃)

ရည်ရွယ်ချက် – မူးယစ်ဆေးဝါးသုံးစွဲသူ လူငယ်များကို ထိရောက်စွာကုသ၍ ပြန်လည်ထူထောင်ပေးရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၃။ မူးယစ်ဆေး သုံးစွဲသူများအား ကုသပေးခြင်း၊ ပြန်လည် ထူထောင်ပေးခြင်း။ | ၃.၁။ လူထုအခြေပြု ပြန်လည်ထူထောင်ရေး ဝန်ဆောင်မှု အစီအစဉ်များကို တိုးချဲ့ဆောင်ရွက်ခြင်း။<br>၃.၂။ လက်ရှိ မူးယစ်ဆေး ကုသရေးနှင့် ပတ်သက်သော ဝန်ဆောင်မှုများကို လူငယ်ထုအား လက်လှမ်းမီစေရန် ဆောင်ရွက်ခြင်း။<br>၃.၃။ မူးယစ်ဆေးနှင့် ပတ်သက်၍ ကုသပေးသော ဆေးရုံများကို တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတွင် အနည်းဆုံး တစ်ခုစီရှိအောင် တည်ထောင် ဆောက်လုပ်ပေးခြင်း။<br>၃.၄။ လက်ရှိ ကုသရေးနှင့် ပြန်လည် ထူထောင်ရေး စင်တာ/ဆေးရုံရှိ အထောက်အကူပြု ပစ္စည်းများနှင့် ဝန်ထမ်းအင်အားများကို အဆင့်မြှင့်တင် တိုးချဲ့ ဆောင်ရွက်ခြင်း။<br>၃.၅။ အိမ်နီးချင်း နိုင်ငံများနှင့် အခြားနိုင်ငံများ၏ ပြန်လည် ထူထောင်ကုသရေး လုပ်ငန်းစဉ်များကို သွားရောက်လေ့လာခြင်း။<br>၃.၆။ အပြုအမူပြောင်းလဲခြင်းဆိုင်ရာ အသိပညာပေး ဆွေးနွေးခြင်းများနှင့် ပြဿနာဖြေရှင်းမှု စွမ်းရည်များကို ပံ့ပိုးမြှင့်တင်ပေးခြင်း။<br>၃.၇။ ပညာရေးနှင့် စီးပွားရေးလုပ်ငန်း အခွင့်အလမ်းများနှင့် ချိတ်ဆက်ခြင်း၊ ပုဂ္ဂလိက လုပ်ငန်းရှင် များ၏ ပူးပေါင်းပါဝင်မှုကို ချိတ်ဆက် မြှင့်တင်ခြင်း။<br>၃.၈။ အမျိုးသမီးများအတွက် ပြန်လည် ထူထောင်ရေး အစီအမံများ အထူးအလေးပေး ဆောင်ရွက်ခြင်း။ | ပြည်ထောင်စုအဆင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | မူးယစ်ဗဟိုအဖွဲ့၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှု/ကယ်ဆယ် ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန | လွှတ်တော်၊ CSO, INGO, NGO, UN, လူငယ်ရေးရာ ကော်မတီ | ၂၀၂၀-၂၀၂၄ | • ပြန်လည်ထူထောင်ရေး အစီအစဉ် အရေအတွက်<br>• ပြန်လည်ထူထောင်ရေး အစီအစဉ်များ လက်လှမ်းမီခံစားသူ လူငယ်အရေအတွက်<br>• တိုင်းဒေသကြီး/ပြည်နယ် အလိုက် မူးယစ်ဆေးကု ဆေးရုံ အရေအတွက်<br>• ဝန်ထမ်း အရေအတွက်<br>• လေ့လာရေး အစီအစဉ် အရေအတွက်<br>• အသိပညာပေး ဆွေးနွေးခြင်းအကြိမ်ရေ<br>• တက်ရောက်သူဦးရေ<br>• ပူးပေါင်းပါဝင်သူ ပုဂ္ဂလိကလုပ်ငန်းရှင် အရေအတွက်<br>• ပြန်လည်ထူထောင်ရေး အစီအစဉ် ခံစားခွင့်ရသူ အမျိုးသမီး အရေအတွက် |

## မဟာဗျူဟာ (၄)

ရည်ရွယ်ချက် – လူငယ်များအကြား မူးယစ်ဆေးဝါးနှင့်ဆက်နွယ်သော အကြမ်းဖက်မှု၊ မှုခင်းများလျှော့ချရန်နှင့် အကြမ်းဖက်ခံရခြင်းမှလည်း အကာအကွယ်ပေးရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၄။ မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သော အကြမ်းဖက်မှုနှင့် မှုခင်းများကို လျှော့ချရေးနှင့် ကာကွယ်တားဆီးခြင်း။ | ၄.၁။ တည်ဆဲဥပဒေများကို ထိရောက်စွာ ကျင့်သုံး အကောင်အထည် ဖော်ခြင်း။<br><br>၄.၂။ တိုင်ကြားသော စနစ်များနှင့် သတင်းအချက်အလက်များ ရရှိရေးကို ပိုမိုထိရောက်စွာ လက်လှမ်းမီစေခြင်း။<br>၄.၃။ ပတ်ဝန်းကျင် လုံခြုံရေးစနစ်များ (ဥပမာ– CCTV, လှည့်ကင်း) ကို ပိုမို အကောင်အထည် ဖော်နိုင်ခြင်း။ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စု တရားစီရင်ရေး ကြီးကြပ်မှုရုံး၊ ပြည်ထဲရေး ဝန်ကြီးဌာန | လွှတ်တော်၊ လူမှု/ကယ်ဆယ် ဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ် အဆင့် အစိုးရအဖွဲ့များ၊ လူငယ်ရေးရာ ကော်မတီ၊ CSO, INGO, NGO, UN, | ၂၀၂၀–၂၀၂၄ | • တိုင်ကြားရေးစနစ်အရ မမှန်မကန် ဆုံးဖြတ်မှု အပေါ် တိုင်ကြားသည့် အရေအတွက်<br>• တိုင်ကြားရေးစနစ် (ရှိ/မရှိ)<br>• ပတ်ဝန်းကျင် လုံခြုံရေးစနစ် (ရှိ/မရှိ) |

## မဟာဗျူဟာ (၅)

ရည်ရွယ်ချက် – စွဲလမ်းစေတတ်သည့် ဆေးလိပ်၊ ဆေးရွက်ကြီး၊ ကွမ်း၊ အရက်စသည်တို့ကို လူငယ်များသုံးစွဲမှုမှ ရှောင်ကြဉ်/လျှော့ချစေရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၅။ စွဲလမ်းစေတတ်သည့် ဆေးလိပ်၊ ဆေးရွက်ကြီး၊ ကွမ်း၊ အရက် စသည်တို့ကို လူငယ်များသုံးစွဲမှုမှ ရှောင်ကြဉ်/လျှော့ချ စေခြင်း။ | ၅.၁။ ဆေးလိပ်၊ ဆေးရွက်ကြီး၊ အရက်၊ ကွမ်းစသည်တို့၏ ဆိုးကျိုးများကို လူငယ်များ သိရှိစေရန် ပညာပေး အစီအစဉ်များ၊ ကမ်ပိန်းများ ပြုလုပ်ခြင်း။<br>၅.၂။ လူငယ်များနှင့် ပတ်သက်သော ဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ ဟောပြောပွဲများ၊ ပြပွဲ၊ ပြိုင်ပွဲများ အပါအဝင် မည်သည့်ပွဲတွင်မဆို smoke free/ tobacco free/alcohol free ဖြစ်စေရန် စံပြဆောင်ရွက်ခြင်း။ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ လူငယ်ရေးရာ ကော်မတီ | လူမှု/ကယ်ဆယ် ဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် အစိုးရအဖွဲ့များ၊ လူငယ်ရေးရာ ကော်မတီ၊ CSO, INGO, NGO, UN | ၂၀၂၀–၂၀၂၄ | • ဟောပြောပွဲ အရေအတွက်<br>• ကမ်ပိန်း အရေအတွက်<br>• စံပြဆောင်ရွက်နိုင်သည့် ပွဲအရေအတွက် |

# (ဃ)

## အားကစားနှင့်အပန်းဖြေခြင်းကဏ္ဍ

အောက်ပါပါဝင်သောအချက်များသည် MSDP၏မဟာဗျူဟာ (၄.၂) ဆင်းရဲနွမ်းပါးသူများကို အလေးထားပြီး လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည့် ကျန်းမာရေးဝန်ဆောင်မှု စနစ်များ ခိုင်မာအားကောင်းရေးနှင့်ချိတ်ဆက်လျက်ရှိပြီးစဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် (၃) (SDG.3) လူတိုင်းစေ့ကျန်းမာရေးနှင့်သာယာဝပြောရေးကိုအထောက်အကူ ပြုပါမည်။

## မဟာဗျူဟာ (၁)

ရည်ရွယ်ချက် – လူငယ်များအားကစားကို ပိုမိုစိတ်ဝင်စားလာပြီး နေ့စဉ်လုပ်ရှားကစားလာစေရန်နှင့် အားကစားအထောက်အကူပြုပစ္စည်းများ သက်သာစွာ ဝယ်ယူအသုံးပြုနိုင်ရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၁။ ပညာပေးခြင်း အစီအစဉ်။ | ၁.၁။ လူငယ်များ ပိုမိုစိတ်ဝင်တစား ပါဝင်လာစေရန် ပညာရေး ရပ်ဝန်းများ၊ စုပေါင်းရုံးများနှင့် စက်ရုံအလုပ်ရုံများ၊ အများပြည်သူများနှင့် သက်ဆိုင်သော အခြားနေရာများတွင် ဟောပြောပွဲ၊ သရုပ်ပြပွဲများ ပြုလုပ်ခြင်း၊ ဗီနိုင်း၊ ပိုစတာများ၊ billboard များ ထောင်၍ အသိပညာပေးခြင်း၊ အသိပညာများ ဖြန့်ဖြူးခြင်း၊ နည်းပညာများနှင့် သတင်းများကို မျှဝေခြင်း။ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ ပညာရေး ဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ | ပြန်ကြားရေး ဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ လူငယ်ရေးရာ ကော်မတီ၊ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၊ စည်ပင်သာယာရေး ကော်မတီ | ၂၀၂၀–၂၀၂၄ | • အသိပညာပေး အစီအစဉ် အမျိုးအစား အရေအတွက်<br>• အမျိုးအစားအလိုက် ပညာပေးမှု အရေအတွက်<br>• သတင်းမျှဝေခြင်း အကြိမ်ရေ |
| ၁.၂။ ပစ္စည်းကိရိယာ။ | ၁.၂.၁။ ပြည်တွင်း ထုတ်လုပ်သူများကို အထူးအခွင့်အရေး ပေးခြင်းနှင့် ဈေးကွက် ဖန်တီးပေးခြင်း။ | | | | | • ပြည်တွင်းထုတ်လုပ်မှု အမျိုးအစား အရေအတွက် |

## မဟာဗျူဟာ (၂)

ရည်ရွယ်ချက် – အားကစားနှင့်ပတ်သက်သော အခြေခံအဆောက်အဦများနှင့် အပန်းဖြေနေရာများ ပိုမိုများပြားလာစေရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၂။ အားကစား အဆောက်အဦများနှင့် အပန်းဖြေနေရာ ဆောက်လုပ်ပေးခြင်း။ | ၂.၁။ အားကစားအခြေခံ အဆောက်အဦများ၊ အပန်းဖြေနေရာများ ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် အသစ်တည်ဆောက်ရာတွင် စံချိန်စံညွှန်းနှင့် အညီမသန်စွမ်း သူများအတွက် အထူးထည့်သွင်း စဉ်းစားခြင်း။ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန | အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၊ စည်ပင်သာယာရေး ကော်မတီ၊ လူငယ်ရေးရာ ကော်မတီ | | • မသန်စွမ်း သူများအတွက် စံချိန်စံညွှန်းရှိခြင်း (ရှိ/ မရှိ) |
| | ၂.၂။ အားကစားအခြေခံအဆောက်အဦများ၊ အပန်းဖြေနေရာများ ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်း။ | | | | | • အသုံးပြုနိုင်သော အားကစား အဆောက်အဦ/ နေရာ အရေအတွက် |

## မဟာဗျူဟာ (၃)

ရည်ရွယ်ချက် - လူငယ်များအား ရိုးရာအားကစားနည်းများနှင့် ဒေသအလိုက်အားကစားနည်းများကို ထိန်းသိမ်းမြှင့်တင်ရန်နှင့် နိုင်ငံတကာအားကစားနည်းများကို ကျွမ်းကျင်စေရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၃။ ရိုးရာအားကစား နည်းများနှင့် ဒေသအလိုက်ရှိသော အားကစားနည်းများကို ထိန်းသိမ်းမြှင့်တင်ရန်နှင့် နိုင်ငံတကာ အားကစားနည်းများကို လေ့လာလိုက်စား၍ ကျွမ်းကျင်မှု ရှိစေခြင်း။ | ၃.၁။ ဒေသအလိုက် ရိုးရာအားကစား နည်းများ ဖော်ထုတ်ခြင်း၊ သက်ဆိုင်ရာ အားကစားနည်းပညာ စည်းမျဉ်းစည်းကမ်းများ ချမှတ်ခြင်းနှင့်ပြိုင်ပွဲများ ကျင်းပပေးခြင်း။<br>၃.၂။ ဒေသအလိုက် ရိုးရာအားကစား နည်းများ၊ နိုင်ငံတကာ အားကစားနည်းများကို သင်ကြားပေးနိုင်သော ဆရာ/ဆရာမများ လုံလောက်စွာ မွေးထုတ်ပေးခြင်း။<br>၃.၃။ ကာယအချိန်များတွင် အားကစား ပညာရပ်များကိုသာ လေ့ကျင့်သင်ကြား ပေးခြင်း။ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ | လူငယ်ရေးရာ ကော်မတီ၊ ပုဂ္ဂလိကကဏ္ဍ၊ CSO | ၂၀၂၀-၂၀၂၄ | • ရိုးရာအားကစား ပြိုင်ပွဲ အရေအတွက်<br>• ရိုးရာအားကစား နည်းစနစ်များ သတ်မှတ်ထားရှိခြင်း (ရှိ/မရှိ)<br>• နည်းပြအရေအတွက်<br>• အားကစားပညာရပ် ထည့်သွင်း သင်ကြားနေသော ကျောင်းအရေအတွက်<br>• အားကစားပညာရပ် သင်ကြားချိန် (နာရီ) (ပညာသင်နှစ်အလိုက်) |

## မဟာဗျူဟာ (၄)

ရည်ရွယ်ချက် – လူငယ်များ၏ အားကစားအဆင့်အတန်းကို မြှင့်တင်ရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၄။ အားကစားအဆင့် မြှင့်တင်ခြင်း။ | ၄.၁။ အခြေခံပညာ ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများ၊ တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် အားကစားပြိုင်ပွဲများ၊ အမျိုးသား အားကစားပွဲတော်များ၊ ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ခြင်း။<br>၄.၂။ အားကစားနှင့် ကျန်းမာရေး လှုပ်ရှားမှုဆိုင်ရာ ရပ်ရွာအခြေပြု အားကစား အသင်းအဖွဲ့ (Club) များ ထူထောင်ခြင်း။<br>၄.၃။ အားကစားနှင့် ပညာရေး ပေါင်းစပ်ကျောင်း (အား/ကာသိပ္ပံ၊ အားကစား တက္ကသိုလ်) များ တိုးချဲ့ထူထောင်ခြင်း။<br>၄.၄။ အားကစားသိပ္ပံပညာရပ် ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများ ဖော်ထုတ် ဆောင်ရွက်ခြင်း။ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ | ပညာရေး ဝန်ကြီးဌာန၊ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၊ လူငယ်ရေးရာ ကော်မတီ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ အဖွဲ့ချုပ် | ၂၀၂၀–၂၀၂၄ | • ပြိုင်ပွဲအရေအတွက်<br>• ပြိုင်ပွဲအမျိုးအစား အရေအတွက်<br>• ပြိုင်ပွဲဝင်လူငယ် အရေအတွက်<br>• အသင်းအဖွဲ့နှင့် ကလပ်အရေအတွက်<br>• အားကစားနှင့် ပညာရေး ပေါင်းစပ်ကျောင်း အရေအတွက်<br>• ဆောင်ရွက်ပြီး ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက် အရေအတွက်<br>• အထောက်အပံ့ရရှိသူ အားကစားသမား အရေအတွက်<br>• အသိအမှတ်ပြု ခံရသော အားကစားသမား အရေအတွက်<br>• ဖွင့်လှစ်ပြီးကျောင်းများ တိုးတက်မှု အခြေအနေ |

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| | ၄.၅။ ပြိုင်ပွဲဝင် အားကစားသမား လူငယ်များ (မသန်စွမ်း လူငယ်များ အပါအဝင်) အား လုံလောက်သော ထောက်ပံ့မှုများ အပြည့်အဝ ပေးအပ်ခြင်း။<br><br>၄.၆။ ထူးချွန် လူငယ်အားကစားသမား များအား ထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်း၊ အသိအမှတ်ပြုခြင်း။ | | | | | • ချီးမြှင့်သော ဆုပမာဏ တိုးတက်သော ရာခိုင်နှုန်း<br>• မွေးထုတ်နိုင်သည့် အားကစားသမား အရေအတွက်<br>• အလုပ်အကိုင် ဖန်တီးပေးနိုင်သည့် အရေအတွက်<br>• အဆင့်တိုးမြှင့် ဂုဏ်ပြုနိုင်သည့် အရေအတွက် |

## မဟာဗျူဟာ (၅)

ရည်ရွယ်ချက် – လူငယ်များ ကိုယ်ပိုင်အားလပ်ချိန်များကို အကျိုးရှိစွာအသုံးပြုပြီး ဒေသန္တရနှင့် အခြားဗဟုသုတများ ရရှိစေရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၅။ အားလပ်ချိန်များကို စနစ်တကျ အကျိုးရှိရှိ အသုံးချနိုင်ခြင်း။ | ၅.၁။ လူငယ်များ ခရီးသွားခြင်းနှင့် ဒေသန္တရဗဟုသုတ ကြွယ်ဝခြင်းကို အားပေးမြှင့်တင်နိုင်ရန် လိုအပ်သော အစီအစဉ်များကို လူမှုအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ချိတ်ဆက် ဆောင်ရွက်ပေးခြင်း။<br>၅.၂။ လူငယ်တည်းခိုရိပ်သာများကို ခရီးသွားဒေသများတွင် ဖွင့်လှစ်ခြင်း။<br>၅.၃။ လူငယ် camp များကို သဘာဝကြိုးဝိုင်း တောများ၊ ခရီးသွားဒေသများနှင့် လက်ရှိရှိနေပြီးသော လူရည်ချွန် စခန်းများတွင် ပြုလုပ်ပေးခြင်း။<br>၅.၄။ အားကစားကို အခြေခံ၍ လူငယ်များတွင် အလေ့အကျင့်ကောင်းများ နေထိုင်မှုပုံစံများ ရရှိနိုင်စေရန် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း။<br>၅.၅။ ခြေလျင်တောင်တက် အသင်းများ၊ လူငယ်စခန်းချ အသင်းများ၊ လူငယ်ကင်းထောက် အဖွဲ့များကို ပံ့ပိုးကူညီခြင်း။ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | အားကစားနှင့် ကျန်းမာရေး ဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ | ပုဂ္ဂလိကကဏ္ဍ၊ NGO , CSO , INGO, လူငယ်ရေးရာ ကော်မတီ၊ လူမှု/ကယ်ဆယ် ဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ | ၂၀၂၀–၂၀၂၄ | • ချိတ်ဆက် ဆောင်ရွက်နိုင်မှု အကြိမ်ရေ<br>• လူငယ်တည်းခိုရိပ်သာ အရေအတွက်<br>• ပြုလုပ်ပြီး camp အရေအတွက်<br>• ပူးပေါင်းဆောင်ရွက်ခြင်း အစီအစဉ် (ရှိ/မရှိ)<br>• အစီအစဉ် အရေအတွက် |

## (င)

## အလုပ်အကိုင်အခွင့်အလမ်းကဏ္ဍ

အောက်ပါပါဝင်သော အချက်များသည် MSDP ၏ မဟာဗျူဟာ (၃.၂) အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများတိုးတက်လာခြင်းမှတဆင့် စက်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် အလုပ်အကိုင် ဖန်တီးရေးကို အထောက်အကူပြုရေးနှင့် ချိတ်ဆက်လျက်ရှိပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် (၈) (SDG.8) စဉ်ဆက်မပြတ်နှင့် အားလုံးပါဝင်နိုင်သည့် ရေရှည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်သားပြည့် အလုပ်အကိုင် ရရှိရေးနှင့် အားလုံးအတွက် ထုတ်လုပ်နိုင်စွမ်းရှိ၍ သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်ဖြစ်ပေါ်စေရေးကို အထောက်အကူပြု ပါမည်။

## မဟာဗျူဟာ (၁)

ရည်ရွယ်ချက် – နိုင်ငံ၏လူငယ်များနှင့် ဆက်စပ်သော အလုပ်အကိုင်လိုအပ်ချက် ဈေးကွက်နှင့်ပတ်သက်၍ သုတေသနပြုလုပ်ရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၁။ အလုပ်အကိုင် အခွင့်အလမ်းနှင့် သက်ဆိုင်သော လေ့လာဆန်းစစ်ချက်များ၊ သုတေသနများ ဆောင်ရွက်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း။ | ၁.၁။ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လူငယ်များ လိုအပ်နေသည့် အလုပ်အကိုင်များအား သုတေသနပြုလုပ်ခြင်း။<br>၁.၂။ နိုင်ငံအဆင့် လုပ်သားဈေးကွက် လိုအပ်ချက်၊ လူငယ်များ ဆောင်ရွက်လိုသည့် အလုပ်အကိုင်များအား သုတေသနပြုလုပ်ခြင်း။<br>၁.၃။ အလုပ်အကိုင်အခွင့်အလမ်း ဈေးကွက်နှင့် လူငယ်များ၏ စိတ်ပါဝင်စားသော အလုပ်အကိုင်များအား သိရှိနိုင်ရန် ဒေသအလိုက် သုတေသနပြုလုပ်ခြင်း။<br>၁.၄။ ရရှိလာသော သုတေသနရလဒ်များ (တွေ့ရှိချက်နှင့် အကြံပြုချက်များ) ကို ထုတ်ပြန်ခြင်းနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများကို အသိပေးဖြန့်ဝေခြင်း။ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | လူငယ်ရေးရာ ကော်မတီ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ | UN , INGO, NGO, CSO, စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ၂၀၂၀-၂၀၂၄ | • သုတေသန စာတမ်း အရေအတွက်<br>• သုတေသန အစီရင်ခံစာ (ရှိ/မရှိ)<br>• ဒေသအလိုက် သုတေသန အစီရင်ခံစာ (ရှိ/မရှိ) |

## မဟာဗျူဟာ (၂)

ရည်ရွယ်ချက် – အသက်မွေးဝမ်းကျောင်းမှု ပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရန် ဘတ်ဂျက်များတိုးမြှင့်စေရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၂။ စီမံကိန်းဘတ်ဂျက်များ တိုးမြှင့်ရေးဆွဲခြင်း။ | ၂.၁။ နိုင်ငံစီးပွားရေး မူဝါဒပါ အသက်မွေးဝမ်းကျောင်း ပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် စီမံကိန်းဘတ်ဂျက်များ တိုးမြှင့်ရေးဆွဲ ဆောင်ရွက်ခြင်း။ | ပြည်ထောင်စုအဆင့် | ပညာရေးဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေး နှင့် စက်မှုဝန်ကြီးဌာန | တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ | ၂၀၂၀-၂၀၂၄ | • တိုးတက်ရရှိသော ဝန်ကြီးဌာန စီမံကိန်းဘတ်ဂျက် ရာခိုင်နှုန်း |

## မဟာဗျူဟာ (၃)

ရည်ရွယ်ချက် – အရည်အသွေးပြည့်ဝသော အသက်မွေးဝမ်းကျောင်းမှုပညာများကို လူငယ်များလက်လှမ်းမီသင်ကြားနိုင်ရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၃။ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အသက်မွေးမှု သင်တန်းကျောင်းများနှင့် သင်တန်းအစီအစဉ်များကို အရည်အသွေး ပြည့်မီစွာဖြင့် လူငယ်များ လက်လှမ်းမီစေရန် တိုးမြှင့်ဖွင့်လှစ်ခြင်း။ | ၃.၁။ အစိုးရသင်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ခြင်း။<br><br>၃.၂။ ပုဂ္ဂလိကသင်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်စေခြင်းနှင့် အစိုးရအသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်း။ | တိုင်းဒေသကြီး/ ပြည်နယ်/ မြို့နယ်အဆင့် | ပညာရေး ဝန်ကြီးဌာန နှင့် ဆက်စပ် ဝန်ကြီးဌာနများ၊ NSSA (National Skill Standard Authority) | စီးပွားရေး လုပ်ငန်းရှင်များ၊ လူငယ်ရေးရာ ကော်မတီ၊ NGO, INGO, UN, CSO | ၂၀၂၀–၂၀၂၄ | • ဖွင့်လှစ်ပြီး သင်တန်းကျောင်း အရေအတွက်<br>• အသိအမှတ်ပြု လက်မှတ်ရရှိပြီး သင်တန်းကျောင်း အရေအတွက် |

## မဟာဗျူဟာ (၄)

ရည်ရွယ်ချက် – အထူးအလေးပေးရမည့်လူငယ်များကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် သာတူညီမျှအခွင့်အရေးနှင့် လုပ်ငန်းခွင်အတွင်း စိတ်ချလုံခြုံမှုရှိစေရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၄။ အထူးအလေးပေးရမည့် လူငယ်များအား အလုပ်အကိုင်ရရှိရေး ဆောင်ရွက်ပေးခြင်း။ | ၄.၁။ အထူးအလေးပေးရမည့် လူငယ်များနှင့် သင့်လျော်သော အလုပ်အကိုင်များအတွက် သင်တန်းများ ဆောင်ရွက်ပေးခြင်း။<br>၄.၂။ စီးပွားရေးလုပ်ငန်းရှင်များက အထူးအလေးပေးရမည့် လူငယ်များအား သင့်လျော်သော အလုပ်အကိုင်များတွင် အလုပ်ခန့်ထားစေရန် တိုက်တွန်း နှိုးဆော်ခြင်းနှင့် မသန်စွမ်းလူငယ်များ လုပ်ငန်းခွင်အတွင်း လွယ်ကူစွာ ပါဝင်ဆောင်ရွက်နိုင်ရန် ဆောင်ရွက်ပေးခြင်း။ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ စီးပွားရေး လုပ်ငန်းရှင်များ၊ | လူမှု/ကယ်ဆယ် ဝန်ကြီးဌာန၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ (UCSB)၊ လူငယ်ရေးရာ ကော်မတီ NGO, INGO , UN, CSO | ၂၀၂၀–၂၀၂၄ | • သင်တန်းအရေအတွက်<br>• သင်တန်းသား အရေအတွက်<br><br>• အထူး အလေးပေးရမည့် လူငယ်များ အလုပ်ခန့်ထားပြီး ဖြစ်သည့် နေရာ၊ ဌာန အရေအတွက် |

## မဟာဗျူဟာ (၅)

ရည်ရွယ်ချက် – လူငယ်များအစိုးရနှင့် ပုဂ္ဂလိက အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့်အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၅။ အစိုးရ၊ ပုဂ္ဂလိက အလုပ်လျှောက်ထားခွင့် ကန့်သတ်ချက် မူဝါဒ၊ စည်းမျဉ်းများ ပြင်ဆင်နိုင်ရန် ဆောင်ရွက်ခြင်း။ | ၅.၁။ အလုပ်သမားဥပဒေ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအား ပြန်လည်သုံးသပ် ပြင်ဆင်ဆောင်ရွက်ခြင်း။<br>၅.၂။ အလုပ်လျှောက်ထားခွင့် အသက်ကန့်သတ်ချက်အား အမြင့်ဆုံး (၃၅) နှစ်ထိ တိုးမြှင့်လာစေရန် ဆောင်ရွက်ခြင်း။<br>၅.၃။ အထူးအလေးပေးရမည့် လူငယ်များ အလုပ်လျှောက်ထားခွင့် အရည်အချင်း သတ်မှတ်ချက်များ ပြင်ဆင်ရန် ဆောင်ရွက်ခြင်း။ | ပြည်ထောင်စုအဆင့် | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှု/ကယ်ဆယ်ဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် | NGO , CSO , လူငယ်ရေးရာ ကော်မတီ | ၂၀၂၀–၂၀၂၄ | • ပြင်ဆင်ပြီးဥပဒေ (ရှိ/မရှိ)<br>• အသက်ကန့်သတ်ချက် ပြင်ဆင်သတ်မှတ်ခြင်း (ပြီး/မပြီး)<br>• အရည်အချင်း သတ်မှတ်ချက် ပြင်ဆင်ခြင်း (ပြီး/မပြီး) |

## မဟာဗျူဟာ (၆)

ရည်ရွယ်ချက် – လူငယ်များ အချိန်ပိုင်းကာလတို အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့်အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၆။ လူငယ်များပညာသင်ယူရင်း အချိန်ပိုင်းအလုပ်များ ဆောင်ရွက်နိုင်ရန် ဆောင်ရွက်ခြင်း။ | ၆.၁။ အလုပ်ရှင်များကို လူငယ်များအား အချိန်ပိုင်း အလုပ်အကိုင် အခွင့်အလမ်းများ ပေးနိုင်ရန် အသိပေးတိုက်တွန်းခြင်း။<br>၆.၂။ နာရီလိုက် အနိမ့်ဆုံးလုပ်အားခ ကဏ္ဍအလိုက် သတ်မှတ်ခြင်း။ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပုဂ္ဂလိကကဏ္ဍ၊ လူငယ်ရေးရာ ကော်မတီ | NGO, CSO, UMFCCI, မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၊ လူငယ်ရေးရာ ကော်မတီ | ၂၀၂၀–၂၀၂၄ | • အချိန်ပိုင်း အလုပ်အကိုင် ရရှိသော လူငယ် အရေအတွက်<br>• နာရီအလိုက် အနိမ့်ဆုံးလုပ်အားခ၊ ကဏ္ဍအလိုက် သတ်မှတ်ထားရှိခြင်း (ရှိ/မရှိ) |

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| | ၆.၃။ အချိန်ပိုင်း အလုပ်အကိုင်များ ဝင်ရောက်လုပ်ကိုင်နိုင်ရန် သင်တန်းများ ဆောင်ရွက်ခြင်း။ | | | | | • သင်တန်း အရေအတွက် |

## မဟာဗျူဟာ (၇)

ရည်ရွယ်ချက် – ဒေသခံလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၇။ ဒေသအလိုက် အလုပ်အကိုင်အခွင့်အလမ်း လိုအပ်ချက်များတွင် ဒေသခံတိုင်းရင်းသား လူငယ်များအား ဦးစားပေးရန် ဆောင်ရွက်ခြင်း။ | ၇.၁။ တောင်ပေါ်တောင်တန်း ခက်ခဲသည့်ဒေသများတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် ဒေသခံတိုင်းရင်းသား လူငယ်ဝန်ထမ်းများ ဦးစားပေးခန့်ထားရန် ဆောင်ရွက်ခြင်း။ | တိုင်းဒေသကြီး/ ပြည်နယ်/မြို့နယ် အဆင့် | သက်ဆိုင်ရာ ဝန်ကြီးဌာနများ | NGO, CSO, လူငယ်ရေးရာ ကော်မတီ | ၂၀၂၀–၂၀၂၄ | • အလုပ်အကိုင်ရရှိသော ဒေသခံတိုင်းရင်းသား အရေအတွက် (ဝန်ကြီးဌာနအလိုက်) |

### မဟာဗျူဟာ (၈)

ရည်ရွယ်ချက် – နိုင်ငံခြားရင်းနှီးမြှုပ်နှံသည့် စီမံကိန်းများတွင်လူငယ်များ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၈။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် ဒေသခံလူငယ်များ ဦးစားပေးခန့်အပ်နိုင်ရန် ဆောင်ရွက်ခြင်း။ | ၈.၁။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီမံကိန်းများတွင် ဒေသခံလူငယ်များ ဦးစားပေး တိုးမြှင့်ခန့်အပ်စေရန် မူအားဖြင့် သတ်မှတ်ခြင်း။<br>၈.၂။ လိုအပ်သောညွှန်ကြားချက်များ ထုတ်ပြန်ခြင်း။ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန | NGO, CSO, လူငယ်ရေးရာ ကော်မတီ၊ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန | ၂၀၂၀–၂၀၂၄ | • ဒေသခံဦးရေ ခန့်ထားမှု အရေအတွက်<br>• ညွှန်ကြားချက် ထုတ်ပြန်ပြီး/မပြီး |

### မဟာဗျူဟာ (၉)

ရည်ရွယ်ချက် – အလုပ်အကိုင်အခွင့်အလမ်းနှင့်ပတ်သက်၍ သတင်းအချက်အလက်များအား လူငယ်များပိုမိုရရှိစေရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၉။ အလုပ်အကိုင် အခွင့်အလမ်း သတင်းဖြန့်ဝေခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်း။ | ၉.၁။ အလုပ်အကိုင်အခွင့်အလမ်းပြပွဲများ ကျင်းပခြင်း၊ ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီ လုပ်ငန်းများအား ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်စေခြင်း။<br>၉.၂။ ရုပ်မြင်သံကြား၊ ရေဒီယိုများတွင် ထုတ်လွှင့်ခြင်း။<br>၉.၃။ လူငယ်စင်တာများမှ သတင်းဖြန့်ဝေခြင်း။<br>၉.၄။ အလုပ်အကိုင် အမျိုးအစားအလိုက် ကျွမ်းကျင်မှုစံနှုန်းများကို လူငယ်များ ပိုမိုသိရှိလာရန် ဆောင်ရွက်ခြင်း။ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၊ မြို့နယ်အဆင့် | တိုင်းဒေသကြီး/ ပြည်နယ် အစိုးရ၊ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ပြန်ကြားရေး ဝန်ကြီးဌာန | NGO, CSO, လူငယ်ရေးရာ ကော်မတီ၊ | ၂၀၂၀–၂၀၂၄ | • ပြပွဲအရေအတွက်<br>• ဥပဒေအတိုင်း ဆောင်ရွက်နေသော အေဂျင်စီအရေအတွက်<br>• ရုပ်မြင်သံကြား/ရေဒီယို အစီအစဉ် အရေအတွက်<br>• သတင်းထုတ်ပြန်/ ဖြန့်ဝေသည့် အကြိမ်ရေ |

## မဟာဗျူဟာ (၁၀)

ရည်ရွယ်ချက် – လူငယ်များ နိုင်ငံတကာအသိအမှတ်ပြု အသက်မွေးဝမ်းကျောင်းပညာများ ပိုမိုသင်ယူရရှိစေရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၁၀။ နိုင်ငံတကာ အသိအမှတ်ပြု သက်မွေးပညာ သင်တန်းများ ဖွင့်လှစ်ခြင်း။ | ၁၀.၁။ နိုင်ငံတကာနှင့် အာဆီယံနိုင်ငံများမှ အသိအမှတ်ပြုသော လက်မှတ်ပေးအပ်နိုင်သည့် သက်မွေးပညာ သင်တန်းများ (Construction, Welding, etc) အား လူငယ်စင်တာများတွင် ဖွင့်လှစ်ခြင်း။<br>၁၀.၂။ သက်မွေးပညာသင်တန်းများနှင့် သက်ဆိုင်သော အချက်အလက်များအား လူငယ်စင်တာများမှ စုဆောင်းဖြန့်ဝေပေးခြင်း။ | ပြည်ထောင်စုအဆင့် | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ | လူငယ်ရေးရာ ကော်မတီ | ၂၀၂၀–၂၀၂၄ | • သင်တန်းအရေအတွက်<br>• သင်တန်းသားအရေအတွက်<br>• သင်တန်းဆိုင်ရာ အချက်အလက်များ ဖြန့်ဝေခြင်း အကြိမ်ရေ<br>• သင်တန်းဆိုင်ရာ အချက်အလက် စာစောင်အရေအတွက် |

## မဟာဗျူဟာ (၁၁)

ရည်ရွယ်ချက် – လူငယ်များ ပြည်တွင်း/ပြည်ပ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၁၁။ အသိအမှတ်ပြု လက်မှတ်ရရှိပြီးသော သက်မွေးပညာ သင်တန်းဆင်းများ အလုပ်အကိုင်ရရှိရေး ဆောင်ရွက်ခြင်း။ | ၁၁.၁။ နိုင်ငံတကာနှင့်ပြည်တွင်း အသိအမှတ်ပြု လက်မှတ်ရရှိပြီးသော သက်မွေးပညာသင်တန်းဆင်း လူငယ်များအတွက် ပြည်တွင်း/ပြည်ပတွင် အလုပ်အကိုင်ရရှိရေး ဆောင်ရွက်ခြင်း။ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ | | ၂၀၂၀–၂၀၂၄ | • အသိအမှတ်ပြု လက်မှတ်ရရှိသူ လူငယ်အရေအတွက်<br>• အလုပ်အကိုင်ရရှိသူ လူငယ်အရေအတွက် |

# (၈)

## စီးပွားရေးကဏ္ဍ

အောက်ပါပါဝင်သော အချက်များသည် MSDP ၏ မဟာဗျူဟာ (၃.၂) အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာခြင်း မှတဆင့် စက်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် အလုပ်အကိုင် ဖန်တီးရေးကို အထောက်အကူပြုရေးနှင့် ချိတ်ဆက်လျက်ရှိပြီး စဉ်ဆက် မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် (၈) (SDG.8) စဉ်ဆက်မပြတ်နှင့် အားလုံးပါဝင် နိုင်သည့် ရေရှည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး၊ လုပ်သားပြည့် အလုပ် အကိုင်ရရှိရေးနှင့် အားလုံးအတွက် ထုတ်လုပ်နိုင်စွမ်းရှိ၍ သင့်တင့် လျောက်ပတ်သော အလုပ်အကိုင်ဖြစ်ပေါ်စေရေးကို အထောက်အကူပြု ပါမည်။

## မဟာဗျူဟာ (၁)

ရည်ရွယ်ချက် – စီးပွားရေးဖွံ့ဖြိုးမှုတွင် ရိုးရာသက်မွေးမှုလုပ်ငန်းများ၊ အထူးအလေးပေးရမည့် လူငယ်များ၏ လုပ်ငန်းများဖွံ့ဖြိုးမှုအစီအစဉ်များ ပါဝင်ဖော်ဆောင်ရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၁။ ရိုးရာသက်မွေးမှု လုပ်ငန်းများ၊ အထူးအလေးပေးရမည့် လူငယ်များ၏ လုပ်ငန်းများကို နည်းပညာအဆင့် မြှင့်တင်ပေးခြင်း။ | ၁.၁။ ပြည်တွင်း၊ ပြည်ပနည်းပညာ ပံ့ပိုးပေးသူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။<br><br>၁.၂။ ဒေသအလိုက် လိုအပ်ချက်ရှိသော အရည်အသွေးမြှင့် သင်တန်းများ ပို့ချခြင်း။<br>၁.၃။ ပြည်တွင်း၊ ပြည်ပ ဈေးကွက်ရှာဖွေ ချိတ်ဆက်ပေးခြင်း။ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် | NGO, INGO, UN, CSO, လူငယ်ရေးရာ ကော်မတီ၊ လူမှု/ကယ်ဆယ် ဝန်ကြီးဌာန | ၂၀၂၀–၂၀၂၄ | • နည်းပညာပံ့ပိုးမှုပေးသော အဖွဲ့အစည်း အရေအတွက်<br><br>• သင်တန်းအရေအတွက် |

မဟာဗျူဟာ (၂)

ရည်ရွယ်ချက် – လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၂။ အခြေခံ၊ အထက်တန်း၊ တက္ကသိုလ်ကျောင်း ပြီးသူများနှင့် သက်ဆိုင်ရာ အသက်မွေးဝမ်းကျောင်းများမှ အတတ်ပညာ ပြည့်မီသူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများနှင့် ချိတ်ဆက်ပေးခြင်း။ | ၂.၁။ စီးပွားရေးလုပ်ငန်းရှင်များ၊ NGO နှင့်ကုမ္ပဏီများဖြင့် ချိတ်ဆက်ပြီး အလုပ်အကိုင်ပြပွဲများ ကျင်းပပေးခြင်း။<br>၂.၂။ ဒေသတွင်းလုပ်ငန်းရှင်များ၊ လုပ်ငန်းများ၊ ဒေသတွင်း အစိုးရတာဝန်ရှိသူများ၊ အဖွဲ့အစည်းများဖြင့် ချိတ်ဆက်ပြီး အလုပ်အကိုင် အခွင့်အလမ်းများကို ကျယ်ပြန့်စွာသိရှိအောင် လုပ်ဆောင်ခြင်း။<br>၂.၃။ အချိန်ပိုင်း အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်း။ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် | INGO, NGO, UMFCCI, CSO လူငယ်ရေးရာ ကော်မတီ၊ ပုဂ္ဂလိကဘဏ်၊ လူမှု/ကယ်ဆယ် ဝန်ကြီးဌာန | ၂၀၂၀–၂၀၂၄ | • ပြပွဲအရေအတွက်၊ အဖွဲ့အစည်း အရေအတွက် |

## မဟာဗျူဟာ (၃)

ရည်ရွယ်ချက် – လူငယ်များအသေးစားနှင့် အလတ်စားစီပွားရေးလုပ်ငန်းများကို ထူထောင်နိုင်ရန် အရည်အသွေးမြှင့်တင်ပေးရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၃။ အသေးစားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများ Small and Medium Enterprises (SME) လုပ်ငန်းများကို စတင်နိုင်မည့် အခြေခံကျွမ်းကျင်မှု သင်တန်းများပေးခြင်း။ | ၃.၁။ SME လုပ်ငန်းများကို စတင်နိုင်မည့် အခြေခံကျွမ်းကျင်မှု သင်တန်းများကို ကျွမ်းကျင်ပညာရှင်များနှင့် ချိတ်ဆက်ပြီး သင်တန်းပေးခြင်း။ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်/ မြို့နယ်အဆင့် | တိုင်းဒေသကြီး/ ပြည်နယ် အစိုးရ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် | INGO, NGO, UMFCCI, CSO, လူငယ်ရေးရာ ကော်မတီ၊ ပုဂ္ဂလိကဘဏ်၊ လူမှု/ကယ်ဆယ် ဝန်ကြီးဌာန | ၂၀၂၀–၂၀၂၄ | • သင်တန်းအရေအတွက်၊<br>• ချိတ်ဆက်လုပ်ကိုင်သူ ပညာရှင်အရေအတွက်၊<br>• သင်တန်းသား အရေအတွက် |

## မဟာဗျူဟာ (၄)

ရည်ရွယ်ချက် – စွန့်ဦးတီထွင်သူ လူငယ်များကို ထောက်ပံ့ပေးရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၄။ စွန့်ဦးတီထွင် လုပ်ဆောင်ရန် စီစဉ်ပြင်ဆင်နေသော လူငယ်များ၊ လုပ်ငန်းစတင် လုပ်ကိုင်ဆောင်ရွက်လိုသော လူငယ်များကို နည်းပညာ၊ ငွေကြေး အရင်းအနှီး ပံ့ပိုးကူညီပေးခြင်း။ | ၄.၁။ အရင်းအနှီးငွေကြေး ထောက်ပံ့ပေးသော ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများ၊ ဘဏ်များဖြင့် ချိတ်ဆက်ပေးခြင်း။<br>၄.၂။ SME ဌာနများဖြင့် ချိတ်ဆက်ခြင်း။<br>၄.၃။ ပြည်ပစွန့်ဦးတီထွင် လုပ်ငန်းရှင်၊ လူငယ်များ၊ အဖွဲ့အစည်းများဖြင့် ချိတ်ဆက်ပြီး ပြည်ပလေ့လာရေး ခရီးစဉ်များ စီစဉ်ပေးခြင်း။ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်/ မြို့နယ်အဆင့် | တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် | INGO, NGO, UMFCCI, CSO, လူငယ်ရေးရာ ကော်မတီ၊ ပုဂ္ဂလိကဘဏ်၊ လူမှု/ကယ်ဆယ် ဝန်ကြီးဌာန | ၂၀၂၀–၂၀၂၄ | • အဖွဲ့အစည်း<br>• ပံ့ပိုးသည့် ဘဏ်အရေအတွက်<br>• SME, ဌာနအရေအတွက်<br>• ခရီးစဉ် အရေအတွက် |

## မဟာဗျူဟာ (၅)

ရည်ရွယ်ချက် – အထူးအလေးပေးရမည့် လူငယ်များ၏ စီးပွားရေးဖွံ့ဖြိုးမှုကို အားပေးရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၅။ အထက်ပါမဟာဗျူဟာ လုပ်ငန်းစဉ်များအားလုံး ဆောင်ရွက်ရာတွင် အထူးအလေးပေးရမည့် လူငယ်များအား အလေးထား ဆောင်ရွက်ပေးခြင်း။ | ၅.၁။ အထူးအလေးပေးရမည့် လူငယ်များ၏ ထုတ်ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို မြှင့်တင်ပေးခြင်း။ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်/ မြို့နယ်အဆင့် | တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီး ဌာန၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် | INGO, NGO, UMFCCI, CSO, CSO၊ လူငယ်ရေးရာ ကော်မတီ၊ ပုဂ္ဂလိကဘဏ်၊ လူမှု/ကယ်ဆယ် ဝန်ကြီးဌာန | ၂၀၂၀–၂၀၂၄ | • အထူးအလေးပေးရမည့် လူငယ်သင်တန်းသား အရေအတွက်<br>• လုပ်ရှားဆောင်ရွက်မှု များတွင် ပါဝင်ခွင့်ရသော အထူးအလေးပေးရမည့် လူငယ်အရေအတွက် |

# (ဆ)

## နိုင်ငံရေးကဏ္ဍ

အောက်ပါပါဝင်သော အချက်များသည် MSDP ၏ မဟာဗျူဟာ (၁.၅) ပြည်သူအားလုံး အစိုးရနှင့် ဆက်သွယ်လုပ်ကိုင်နိုင်စွမ်း တိုးမြှင့်ခြင်းနှင့် ချိတ်ဆက်လျက်ရှိပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် (၁၆) (SDG.16) စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ငြိမ်းချမ်း၍ အားလုံးပါဝင်နိုင်သော အဖွဲ့အစည်းများ တိုးတက်စေရေး၊ အားလုံးအတွက် တရားမျှတမှု ဖြစ်ပေါ်စေရေးနှင့် အဆင့်တိုင်းတွင် ထိရောက်၍ တာဝန်ခံမှု၊ တာဝန်ယူမှု ရှိသော လူတိုင်းအကျုံးဝင်သည့် အဖွဲ့အစည်းများ ထူထောင်ရေးကို အထောက်အကူပြုပါမည်။

## မဟာဗျူဟာ (၁)

ရည်ရွယ်ချက် – နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ခေတ်ထက်သန်ရန် အမျိုးသားစည်းလုံးညီညွတ်မှုနှင့် ပေါင်းစည်းမှုတို့ကို တန်ဖိုးထားတတ်ပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတွင် လူငယ်များ၏ အခန်းကဏ္ဍကို မြှင့်တင်ရန်နှင့် လိုအပ်သောပံ့ပိုးကူညီမှုများကို မူဝါဒချမှတ်သူများ၊ ဝန်ဆောင်မှုပေးသူများနှင့် နယ်ပယ်အသီးသီးမှ သက်ဆိုင်ရာတာဝန်ရှိသူများထံမှ ရရှိရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၁။ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းပြီး လူငယ်များအား အတွေ့အကြုံ မြှင့်တင်စေခြင်း၊ တိုင်းဒေသကြီး/ပြည်နယ် လူငယ်ရေးရာ ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကူညီထောက်ပံ့ပေးခြင်း။ | ၁.၁။ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ အဖွဲ့ဝင်များအနေဖြင့် နိုင်ငံရေးရာ ကိစ္စရပ်များ ဆုံးဖြတ်ချက်ချမှတ်ရာတွင် လူငယ်များပါဝင်မှုကို မြှင့်တင်ခြင်း။ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ | လွှတ်တော်၊ အစိုးရ | CSO, လူငယ်ရေးရာ ကော်မတီ | (၅) နှစ် | • တိုင်းဒေသကြီး/ပြည်နယ် အဆင့် ကော်မတီများ၊ အဖွဲ့များ ဖွဲ့စည်းရာတွင် လူငယ်ကိုယ်စားလှယ် အရေအတွက်/အချိုး |
| | ၁.၂။ စီးပွားရေးလုပ်ငန်းများ၏ Corporate Social Responsibility (CSR) ရန်ပုံငွေများထဲမှ လူငယ်ရေးရာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ဆောင်ရွက်မှုများအား သင့်လျော်သလို ပံ့ပိုးပေးရန် တိုက်တွန်း ဆောင်ရွက်ခြင်း။ | တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ | စီးပွားရေး လုပ်ငန်းရှင်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ လူငယ်ရေးရာ ကော်မတီ၊ | လွှတ်တော်၊ CSO | (၅) နှစ် | • လူငယ်ရေးရာဖွံ့ဖြိုးရေး လုပ်ငန်းများ အရေအတွက် |
| | ၁.၃။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ၏ ရန်ပုံငွေများထဲမှ လူငယ်ရေးရာနှင့် ပတ်သက်သော ကိစ္စရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ရသုံးမှန်းခြေ ငွေစာရင်းတွင် နှစ်စဉ်ထည့်သွင်း ရေးဆွဲခြင်း။ | တိုင်းဒေသကြီး/ပြည်နယ်အဆင့် | လွှတ်တော်၊ အစိုးရ၊ | | | • ဆောင်ရွက်ရန်/ငွေကြေး လျာထားမှု အချိုး (လျာထား/လိုအပ်) |

## မဟာဗျူဟာ (၂)

ရည်ရွယ်ချက် – အရပ်ဖက်လူမှုအဖွဲ့အစည်းများတွင် လူငယ်လူရွယ်များထိရောက်စွာ ပါဝင်ဆောင်ရွက်ရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၂။ လူမှုရေးလုပ်ငန်းများတွင် လူငယ်များ ပါဝင်ဆောင်ရွက်လာမှုကို မြှင့်တင်ပေးခြင်း။ | ၂.၁။ အထက်တန်းအဆင့်မှစ၍ တက္ကသိုလ်အဆင့်ထိ ကျောင်းသား/ ကျောင်းသူများ လူမှုရေးလုပ်ငန်းများ၊ ရပ်ရွာအကျိုးပြု လုပ်ငန်းများတွင် အချိန်တစ်ခုပေး၍ ပါဝင်ဆောင်ရွက်နိုင်ရန် အစီအမံများ ချမှတ် အကောင်အထည်ဖော်ခြင်း။<br>၂.၂။ နိုင်ငံတော်အစိုးရမှ အကောင်အထည်ဖော် ဆောင်ရွက်သော စေတနာ့ဝန်ထမ်း လုပ်အားပေး အစီအစဉ်များတွင် အရပ်ဖက် လူမှုအဖွဲ့အစည်းများမှ လူငယ်များ၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုအားကို ရယူခြင်း။ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်/ မြို့နယ်အဆင့် | ပညာရေး ဝန်ကြီးဌာန၊ အခြေခံပညာ အထက်တန်း ကျောင်းများ၊ တက္ကသိုလ်များ၊ အရပ်ဖက် အဖွဲ့အစည်းများ | လူမှု/ကယ်ဆယ် ဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် အစိုးရ | (၅) နှစ် | • နိုင်ငံတော်အစိုးရမှ စီစဉ်သော စေတနာ့ဝန်ထမ်း လုပ်အားပေးအစီအစဉ် အရေအတွက်<br>• လုပ်အားပေး အစီအစဉ်များတွင် လူငယ်များ ပူးပေါင်းပါဝင် ဆောင်ရွက်မှု အရေအတွက် |

## မဟာဗျူဟာ (၃)

ရည်ရွယ်ချက် – လူငယ်လူရွယ်များသိရှိသင့်သော နိုင်ငံရေးရာကိစ္စရပ်များ၊ သတင်းအချက်အလက်များကို သိရှိနိုင်ရေးအစီအမံများ ဆောင်ရွက်ပေးရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၃။ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းပြီး လူငယ်များအား လေ့လာစေခြင်း။ | ၃.၁။ လူငယ်စင်တာများတွင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လူငယ်များ အခါအားလျော်စွာ တွေ့ဆုံဆွေးနွေးပြီး အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းပြီး ဆွေးနွေးပွဲများ ကျင်းပခြင်း။ | တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | လွှတ်တော်၊ အစိုးရ၊ လူငယ်ရေးရာ ကော်မတီ | လူငယ်ရေးရာ ကော်မတီ၊ CSO | (၅) နှစ် | • လူငယ်စင်တာများကို အခြေပြု၍ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ အဖွဲ့များ၊ လွှတ်တော်များနှင့် လူငယ်များ တွေ့ဆုံဆွေးနွေးပွဲများ အရေအတွက် |

မဟာဗျူဟာ (၄)

ရည်ရွယ်ချက် – လူငယ်ရေးရာကိစ္စရပ်များ၊ လူငယ်လူရွယ်များ အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်သော မူဝါဒများနှင့်မဟာဗျူဟာစီမံကိန်း၊ စီမံချက်များရေးဆွဲရာတွင် လူငယ်လူရွယ်တို့ ပါဝင်ဆောင်ရွက်မှုကို အစီအမံများရေးဆွဲသည်မှစ၍ အကောင်အထည်ဖော်ခြင်း၊ ဆန်းစစ်ခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်သည့်အဆင့်အထိ အသိအမှတ်ပြုဆောင်ရွက်ခွင့်ပေးရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့်အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၄။ လူငယ်ရေးရာမူဝါဒ၊ လူငယ်ရေးရာ မူဝါဒဆိုင်ရာ မဟာဗျူဟာလုပ်ငန်း စီမံချက်များ ရေးဆွဲခြင်း၊ လုပ်ငန်းစဉ်များ၊ မဟာဗျူဟာ လုပ်ငန်းစီမံချက်များ အကောင်အထည် ဖော်ဆောင်ရွက်ခြင်း တို့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ် လူငယ်ရေးရာ ကော်မတီများ၏ ပါဝင်ဆောင်ရွက်မှုနှင့် လုပ်ပိုင်ခွင့်များကို မြှင့်တင်ခြင်း။ | ၄.၁။ ပြည်ထောင်စုအဆင့် လူငယ်ရေးရာ ကော်မတီဖွဲ့စည်းခြင်း။ | ပြည်ထောင်စုအဆင့် | တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၊ လူငယ်ရေးရာ ကော်မတီ | တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ | (၅) နှစ် | • လူငယ်ရေးရာ ကော်မတီများ တရားဝင် ဖွဲ့စည်းခြင်း (ပြီး/မပြီး) |
| | ၄.၂။ ပြည်ထောင်စုအဆင့် လူငယ်ရေးရာကော်မတီ၏ Term of References နှင့် လုပ်ငန်းလမ်းညွှန်များ ရေးဆွဲအတည်ပြုခြင်း။ | ပြည်ထောင်စုအဆင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | | တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၊ CSO, INGO , NGO, UN | | • လုပ်ငန်းများ စတင် ဆောင်ရွက်နေသော ကော်မတီ အရေအတွက် |
| | ၄.၃။ ပြည်ထောင်စုအဆင့် လူငယ်ရေးရာ မဟာဗျူဟာ လုပ်ငန်းစီမံချက်များကို ပြည်ထောင်စုအဆင့် လူငယ်ရေးရာ ကော်မတီမှ ဦးဆောင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။ | ပြည်ထောင်စုအဆင့် | တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၊ လူငယ်ရေးရာ ကော်မတီ | | (၅) နှစ် | • တိုင်းဒေသကြီး/ ပြည်နယ်အဆင့် လူငယ်ရေးရာ မူဝါဒနှင့် မဟာဗျူဟာ လုပ်ငန်း စီမံချက်များ အတည်ပြု ပြီးစီးခြင်း (ပြီး/မပြီး) |
| | ၄.၄။ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် လူငယ်ရေးရာ ကော်မတီများ၏ တိုင်းနှင့်ပြည်နယ်အဆင့် လူငယ်ရေးရာမူဝါဒနှင့် မဟာဗျူဟာလုပ်ငန်း စီမံချက်များကို ကော်မတီဝင် လူငယ်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများ ပူးပေါင်းရေးဆွဲခြင်း။ | | | | | |

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| | ၄.၅။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် မဟာဗျူဟာလုပ်ငန်း စီမံချက်များကို တိုင်းဒေသကြီး/ပြည်နယ် လူငယ်ရေးရာ ကော်မတီမှ ဦးဆောင်၍ စတင် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။ | | | | ၂၀၂၀-၂၀၂၄ | • မဟာဗျူဟာ လုပ်ငန်း စီမံချက်များကို တိုင်းဒေသကြီး/ ပြည်နယ် လူငယ်ရေးရာ ကော်မတီက ဦးဆောင်၍ အကောင်အထည်ဖော် ဆောင်ရွက်မှု အရေအတွက် |
| | ၄.၆။ လူငယ်ဆိုင်ရာ ဥပဒေတစ်ရပ် ပေါ်ပေါက်လာစေရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း။ | | ပညာရေး ဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ လူမှု/ကယ်ဆယ် ဝန်ကြီးဌာန၊ လူငယ်ရေးရာ ကော်မတီ | | | • ဥပဒေကြမ်း ပြုစုမှုပြီး/ မပြီး |

## မဟာဗျူဟာ (၅)

ရည်ရွယ်ချက် – လူငယ်များ၏ ဖွံ့ဖြိုးရေးအစီအစဉ်များ ဆောင်ရွက်နိုင်ရန်အတွက် လူငယ်စင်တာများဖွင့်လှစ်ပေးရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့်အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၅။ ခရိုင်မြို့တိုင်းတွင် လူငယ်စင်တာများ ဖွင့်လှစ်ခြင်း။ | ၅.၁။ တိုင်းဒေသကြီး၊ ပြည်နယ် လူငယ်ရေးရာ ကော်မတီများက လူငယ်စင်တာများကို စီမံခန့်ခွဲမည့် လမ်းညွှန်စည်းမျဉ်း မူဘောင်များ ချမှတ်ရေးဆွဲခြင်း။ | တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | တိုင်းဒေသကြီး/ ပြည်နယ် လူငယ်ရေးရာ ကော်မတီ | ပြည်ထောင်စု အစိုးရအဖွဲ့၊ လူမှု/ကယ်ဆယ် ဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၊ အရပ်ဖက် လူမှုအဖွဲ့ အစည်းများ၊ | (၅) နှစ် | • လမ်းညွှန်စည်းမျဉ်း၊ မူဘောင်များ ရေးဆွဲပြီးစီးခြင်း (ပြီး/ မပြီး)<br>• တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့တော်အဆင့် အလိုက် လူငယ်ဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေသော လူငယ်စင်တာ အရေအတွက် |
| | ၅.၂။ လူငယ်စင်တာများ ဖွင့်လှစ်ထူထောင်ပြီး လူငယ်ဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။ | | | အစိုးရ ဌာနဆိုင်ရာများ | ၂၀၂၀–၂၀၂၄ | • ခရိုင်အလိုက် လူငယ်ဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေသော လူငယ်စင်တာ အရေအတွက် |

## မဟာဗျူဟာ (၆)

ရည်ရွယ်ချက် – လူငယ်ရေးရာကော်မတီကို အပြန်အလှန်ထိန်းညှိမည့် ပြည်ထောင်စုအဆင့် လွတ်လပ်သောလူငယ်ယန္တရားတစ်ရပ် ပေါ်ထွက်လာစေရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၆။ လူငယ်ရေးရာကော်မတီကို အပြန်အလှန် ထိန်းညှိမည့် ပြည်ထောင်စုအဆင့် လွတ်လပ်သော လူငယ်ယန္တရားတစ်ရပ် ပါလီမန် (Parliament)၊ အမျိုးသားအဆင့် စုံညီစုဝေးပွဲ (National Assembly)၊ လူငယ်ကောင်စီ (Youth Council) ပေါ်ထွက်လာရေး အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း။ | ၆.၁။ လူငယ်ရေးရာ ကော်မတီအဆင့်ဆင့်ကို အပြန်အလှန် ထိန်းညှိနိုင်မည့် (check and balance) ပြည်ထောင်စုအဆင့် လွတ်လပ်သော လူငယ်ယန္တရားတစ်ရပ် ပေါ်ပေါက်လာစေရန်အတွက် လိုအပ်သော မူဘောင်များ၊ လုပ်ငန်းလမ်းညွှန်များ၊ ဖွဲ့စည်းပုံ ထွက်ပေါ်လာစေရန် အတွက် စီမံဆောင်ရွက်ခြင်း။ (အလုပ်ရုံဆွေးနွေးပွဲ၊ စုဝေးပွဲ) (Forum, Workshop, Assembly) | ပြည်ထောင်စုအဆင့် | အခြားသော လူငယ် အဖွဲ့အစည်းများ | တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးရှိ လူငယ်ရေးရာ ကော်မတီ၊ လူမှု/ကယ်ဆယ် ဝန်ကြီးဌာန၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများ | (၅) နှစ် | • ပြည်ထောင်စုအဆင့် လွတ်လပ်သော လူငယ်ယန္တရားတစ်ရပ် ဖွဲ့စည်းပုံ စည်းမျဉ်းဥပဒေတစ်ရပ် အတည်ပြု ပြီးစီးခြင်း (ပြီး/မပြီး)<br>• ပြည်ထောင်စုအဆင့် လွတ်လပ်သော လူငယ်ယန္တရားတစ်ရပ် ဖွဲ့စည်းပြီးခြင်း (ပြီး/မပြီး) |

## မဟာဗျူဟာ (၇)

ရည်ရွယ်ချက် – လူငယ်ရေးရာ ကော်မတီအဆင့်ဆင့်အား အထောက်အကူပြုနိုင်မည့် ယန္တရားတစ်ရပ် ပေါ်ပေါက်လာစေရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၇။ လူငယ်ရေးရာ ကော်မတီအဆင့်ဆင့်အား အထောက်အကူပြုနိုင်မည့် ယန္တရားတစ်ရပ်ဖန်တီးခြင်း။ | ၇.၁။ လူငယ်ရေးရာဦးစီးဌာန ပေါ်ပေါက်လာစေရန် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း။ | ပြည်ထောင်စုအဆင့် | လူမှု/ကယ်ဆယ် ဝန်ကြီးဌာန၊ လူငယ်ရေးရာ ကော်မတီ | ပြည်ထောင်စုအစိုးရ | ၂၀၂၀–၂၀၂၄ | လူငယ်ရေးရာ ကော်မတီ အဆင့်ဆင့်အား အထောက်အကူ ပြုနိုင်မည့် ယန္တရားတစ်ရပ် ရှိ/မရှိ |

# (ဧ)

## စာပေ၊ အနုပညာနှင့်ယဉ်ကျေးမှုကဏ္ဍ

အောက်ပါပါဝင်သော အချက်များသည် MSDP ၏ မဟာဗျူဟာ (၄.၁) အရည်အသွေးမြင့်မားသော ရသာက်ပန်ပညာရေးဆိုင်ရာ အခွင့်အလမ်း တန်းတူရရှိရေးနှင့် ချိတ်ဆက်လျက်ရှိပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် (၄) (SDG.4) လူသားအားလုံး အကျုံးဝင်ကာ ညီညွတ်မျှတပြီး အရည်အသွေးရှိသည့် ပညာသင်ယူနိုင်ရေးနှင့် ဘဝတစ်လျှောက် အစဉ်လေ့လာသင်ယူနိုင်သော အခွင့်အလမ်းရရှိရေးအား အထောက်အကူပြုပါမည်။

## မဟာဗျူဟာ (၁)

ရည်ရွယ်ချက် – လူငယ်များအနေဖြင့် မိမိတို့၏ သက်ဆိုင်ရာ တိုင်းရင်းသားစာပေ၊ ဘာသာစကားနှင့်ယဉ်ကျေးမှု အစီအမံများကို မြတ်နိုးထိန်းသိမ်းကာ ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းမှုတွင် ပိုမိုပါဝင်လာစေရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၁။ တိုင်းရင်းသားစာပေ ဘာသာစကား၊ ယဉ်ကျေးမှု အနုပညာကို တန်ဖိုးထား ထိန်းသိမ်းခြင်းနှင့် မြှင့်တင်ခြင်း အစီအမံများ ဆောင်ရွက်ခြင်း။ | ၁.၁။ တိုင်းရင်းသားများ၏ ယဉ်ကျေးမှု၊ ဘာသာစကား၊ အနုပညာနှင့် သမိုင်းများကို သုတေသန ပြုလုပ်ခြင်း။<br>၁.၂။ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ ယဉ်ကျေးမှု၊ အနုပညာနှင့် သမိုင်းများကို ထုတ်ဝေဖြန့်ချိခြင်း၊ ပြတိုက်များတွင် ထိန်းသိမ်း ပြသထားရှိခြင်း။<br>၁.၃။ တိုင်းရင်းသားယဉ်ကျေးမှု၊ ဘာသာစကား၊ အနုပညာတို့နှင့် ပတ်သက်သော အမြင်ဖွင့် သင်တန်းများ၊ ဟောပြောပွဲများ ပြုလုပ်နိုင်ရန် လိုအပ်သော အထောက်အပံ့များ ပံ့ပိုးပေးခြင်း။<br>၁.၄။ ဒေသအလိုက် တိုင်းရင်းသား ဓလေ့ရိုးရာ ပွဲတော်များ ကျင်းပခြင်း။<br>၁.၅။ တိုင်းရင်းသားယဉ်ကျေးမှုအမွေအနှစ်များအားကမ္ဘာ့အမွေအနှစ်စာရင်းဝင်အောင် ဆောင်ရွက်ခြင်း။<br>၁.၆။ တိုင်းရင်းသား ယဉ်ကျေးမှု၊ ဘာသာစကားနှင့် အနုပညာကို ထိန်းသိမ်းမြှင့်တင်နိုင်မည့် ပြိုင်ပွဲများအား လူငယ်များမှ ပါဝင်ဆောင်ရွက်ခြင်း။ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေ ယဉ်ကျေးမှု အသင်းအဖွဲ့များ၊ လူငယ်ရေးရာ ကော်မတီ | CSO, INGO, NGO, UN, တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ | ၂၀၂၀–၂၀၂၄ | • သုတေသန အရေအတွက်<br>• ပြတိုက်အရေအတွက်<br>• သင်တန်းအရေအတွက်<br>• ဟောပြောပွဲအရေအတွက်<br>• ဒေသအလိုက် ပွဲတော်အရေအတွက်<br>• အမွေအနှစ် စာရင်းဝင် အရေအတွက်<br>• ပြိုင်ပွဲအရေအတွက် |

## မဟာဗျူဟာ (၂)

ရည်ရွယ်ချက် – လူငယ်များတိုင်းရင်းသားစာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှုနှင့်အနုပညာကို ပိုမိုမြတ်နိုးတန်ဖိုးထားပြီး အနုပညာနှင့်တီထွင်ဖန်တီးမှုများကို လွတ်လပ်စွာဖော်ထုတ်နိုင်စေရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၂။ တိုင်းရင်းသားစာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှုနှင့် အနုပညာကို တန်ဖိုးထား ထိန်းသိမ်းခြင်းနှင့် မြှင့်တင်ခြင်းများ ဆောင်ရွက်မည့် သူများအား စွမ်းဆောင်ရည်မြှင့်တင်ခြင်း။ | ၂.၁။ ပြည်တွင်း၊ ပြည်ပ တိုင်းရင်းသား ယဉ်ကျေးမှု နှီးနှောဖလှယ်ပွဲများ ဖော်ဆောင်ပေးခြင်း။ | ပြည်ထောင်စု အဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | တိုင်းရင်းသား လူမျိုးများ ရေးရာဝန်ကြီးဌာန | တိုင်းဒေသကြီး/ ပြည်နယ် အစိုးရ၊ လူငယ်ရေးရာ ကော်မတီများ၊ CSO, INGO, NGO, UN, နိုင်ငံခြားရေး ဝန်ကြီးဌာန | ၂၀၂၀–၂၀၂၄ | • နှီးနှောဖလှယ်ပွဲ အရေအတွက် |

## မဟာဗျူဟာ (၃)

ရည်ရွယ်ချက် – တိုင်းရင်းသားတို့၏ အနုပညာနှင့် တီတွင်ဖန်တီးမှုများအပါအဝင် တိုင်းရင်းသားပေါင်းစုံတို့၏ အနုပညာများကို လူငယ်များလေ့လာသင်ယူနိုင်ပြီး အနုပညာနှင့် တီတွင်ဖန်တီးမှုများကို လွတ်လပ်စွာဖော်ထုတ်နိုင်စေရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၃။ အနုပညာဖန်တီးမှုများ လွတ်လပ်စွာ ပြသနိုင်ရန် နေရာများ ဖော်ဆောင်ခြင်းနှင့် ၎င်းနေရာများအား ကာကွယ်ပေးခြင်း။ | ၃.၁။ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု အနုပညာများအား လေ့လာသင်ယူနိုင်မည့် သင်တန်းကျောင်းများကို ဖွင့်လှစ်ခြင်း။<br>၃.၂။ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု အနုပညာများအား လေ့လာသင်ယူနိုင်မည့် စာကြည့်တိုက်များကို လူငယ်စင်တာများတွင် ထည့်သွင်း အကောင်အထည်ဖော်ခြင်းနှင့် ရေရှည်တည်တံ့စေရေးအတွက် ထိန်းသိမ်းဆောင်ရွက်ခြင်း။<br>၃.၃။ ယဉ်ကျေးမှု၊ ဘာသာစကားနှင့် အနုပညာဖန်တီးမှုများကို ကာကွယ်ပေးသည့် ဥပဒေများ ပေါ်ထွက်လာစေရန် စည်းရုံးလှုံ့ဆော်ခြင်း။ | ပြည်ထောင်စု အဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန | တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ၊ လူငယ်ရေးရာ ကော်မတီ၊ CSO, INGO, NGO, UN, လွှတ်တော် | ၂၀၂၀–၂၀၂၄ | • သင်တန်းကျောင်း အရေအတွက်<br>• စာကြည့်တိုက်ပါဝင်သော လူငယ်စင်တာ အရေအတွက်/ရာခိုင်နှုန်း<br>• ဥပဒေပြုစုပြီးစီးခြင်း ရှိ/မရှိ |

## မဟာဗျူဟာ (၄)

ရည်ရွယ်ချက် – စာပေအနုပညာယဉ်ကျေးမှုများကို ဖော်ထုတ်ရာတွင် ခေတ်နှင့်မလျော်ညီသောခွဲခြားမှုကို ဖြစ်ပေါ်စေသော ဖော်ပြမှုများမဖြစ်စေရန်နှင့် လွဲမှားစွာ အတုယူမှုမျိုးမဖြစ်စေရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၄။ ခေတ်နှင့်မလျော်ညီသော ယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာများ၊ ခွဲခြားဆက်ဆံမှု ဖြစ်စေသော ဓလေ့ထုံးတမ်း ယဉ်ကျေးမှုများကို လျော့ကျစေရန် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခြင်း။ | ၄.၁။ တိုင်းရင်းသားများ၏ ယဉ်ကျေးမှု၊ ဘာသာစကား၊ အနုပညာနှင့် သမိုင်းများကို သုတေသနပြုလုပ်ထားသော ရလဒ်များကို ခွဲခြမ်းစိတ်ဖြာပြီး ရလဒ်များကို အခြေခံ၍ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခြင်း။ | ပြည်ထောင်စု အဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန | တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ၊ လူငယ်ရေးရာ ကော်မတီ၊ CSO, INGO, NGO, UN | ၂၀၂၀-၂၀၂၄ | • အသိပညာပေး လှုပ်ရှားမှုအကြိမ်ရေ |

## မဟာဗျူဟာ (၅)

ရည်ရွယ်ချက် – တိုင်းရင်းသားတို့၏ အရေးကြီးသောရိုးရာ ဓလေ့ယဉ်ကျေးမှုများကို မြှင့်တင်ပြီး လူငယ်စာရေးဆရာနှင့် အနုပညာရှင်များကို မြေတောင်မြှောက်ပေးရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၅။ တိုင်းရင်းသား လူငယ်စာရေးဆရာနှင့် အနုပညာရှင်များအား မြေတောင်မြှောက်ပေးခြင်း။ | ၅.၁။ တိုင်းရင်းသားစာပေနှင့် အနုပညာကဏ္ဍစုံ ဖိတ်ခေါ်ပြိုင်ပွဲများ ကျင်းပပေးခြင်း။<br>၅.၂။ တိုင်းရင်းသားလူငယ်များကို စာပေနှင့် အနုပညာကဏ္ဍမှ အဖွဲ့အစည်းများ၊ ပညာရှင်များ၊ မီဒီယာများနှင့် ချိတ်ဆက်ပေးခြင်း။<br>၅.၃။ တိုင်းရင်းသားလူငယ်များ ဖန်တီးထားသည့် အနုပညာများကို အများပြည်သူများအား ပြန်လည်ဝေမျှနိုင်မည့် နေရာများ အစိုးရအနေဖြင့် ပံ့ပိုးကူညီပေးခြင်း။ | တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | ပြန်ကြားရေး ဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန၊ တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန | တိုင်းရင်းသား ဂီတအစည်းအရုံး၊ ရုပ်ရှင်အစည်းအရုံး၊ စာပေနှင့်ယဉ်ကျေးမှု အသင်းအဖွဲ့၊ လူငယ်ရေးရာ ကော်မတီ | ၂၀၂၀-၂၀၂၄ | • ပြိုင်ပွဲအရေအတွက်<br>• အမျိုးအစားအလိုက် ပြိုင်ပွဲအရေအတွက်<br>• ချိတ်ဆက်ပြီး အဖွဲ့အစည်းများ အရေအတွက်၊ နေရာအရေအတွက် |

## မဟာဗျူဟာ (၆)

ရည်ရွယ်ချက် – စာတတ်မြောက်ရေးလှုပ်ရှားမှုတွင် လူငယ်များပါဝင်ဆောင်ရွက်ရန်နှင့် စာဖတ်သည့်အလေ့အထကို အားပေးသည့်လုပ်ငန်းများ မြှင့်တင်ရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၆။ စာတတ်မြောက်ရေး လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်ခြင်းနှင့် စာဖတ်သည့်အလေ့အထကို အားပေးသည့် လုပ်ငန်းများ မြှင့်တင်ခြင်း။ | ၆.၁။ နွေရာသီ စာတတ်မြောက်ရေး လှုပ်ရှားမှုများကို လူငယ်များ ပါဝင်ဆောင်ရွက်ခြင်း။<br>၆.၂။ တီထွင်ဆန်းသစ်သော နည်းလမ်းများအား အသုံးပြု၍ လူငယ်များစာဖတ်သည့် အလေ့အထကို မြှင့်တင်ခြင်း။ (ဥပမာ– ရွေ့လျားစာကြည့်တိုက်၊ အီလက်ထရောနစ် စာကြည့်တိုက်၊ စာဖတ်ဝိုင်း) | တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်/ မြို့နယ်/ရပ်ကွက်/ ကျေးရွာအဆင့် လူမှုအသိုက်အဝန်း | ပြန်ကြားရေး ဝန်ကြီးဌာန၊ ပညာရေး ဝန်ကြီးဌာန၊ လူငယ်ရေးရာ ကော်မတီ | လူမှု/ကယ်ဆယ် ဝန်ကြီးဌာန၊ CSO, INGO, NGO, UN, စီးပွားရေး လုပ်ငန်းရှင်များ | ၂၀၂၀–၂၀၂၄ | • ပါဝင်ဆောင်ရွက်သူ လူငယ်အရေအတွက်<br>• စာကြည့်တိုက် အရေအတွက်<br>• စာကြည့်တိုက် အသုံးပြုသူ လူငယ်အရေအတွက် |

## မဟာဗျူဟာ (၇)

ရည်ရွယ်ချက် – လူငယ်များမှ ပြဋ္ဌာန်းမှုရင်းအသုံးအနှုန်းများ တန်ဖိုးထားသုံးနှုန်းတတ်စေရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၇။ လူငယ်များအကြား ပြဋ္ဌာန်းမှုရင်း အသုံးအနှုန်းများကို မပျောက်ပျက်အောင်နှင့် တန်ဖိုးထား သုံးနှုန်းတတ်စေရေး အစီအမံများ ဆောင်ရွက်ပေးခြင်း။ | ၇.၁။ ပြဋ္ဌာန်းမှုရင်း အသုံးအနှုန်းများ တန်ဖိုးထားတတ်စေရန် ပညာပေးအစီအစဉ်များ ပြုလုပ်ခြင်း။ | ပြည်ထောင်စုအဆင့် | လူငယ်ရေးရာ ကော်မတီ | ပြန်ကြားရေး ဝန်ကြီးဌာန၊ ပညာရေး ဝန်ကြီးဌာန၊ | ၂၀၂၀–၂၀၂၄ | • ပညာပေး အစီအစဉ်အကြိမ်ရေ |

## မဟာဗျူဟာ (၈)

ရည်ရွယ်ချက် – စာပေ၊ ယဉ်ကျေးမှု၊ အနုပညာလုပ်ငန်းများတွင် လူငယ်များပါဝင်ဆောင်ရွက်နိုင်မှုစွမ်းရည်ကို မြှင့်တင်ရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၈။ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ လုပ်ငန်းများအပေါ် လူငယ်များ၏ ပါဝင်ဆောင်ရွက်နိုင်စွမ်း မြှင့်တင်ခြင်း။ | ၈.၁။ စာပေယဉ်ကျေးမှု အနုပညာ လုပ်ငန်းများအပေါ် လူငယ်များ၏ စိတ်ဝင်စားမှု မြှင့်တက်စေရန် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း။ | ပြည်ထောင်စု အဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | ပညာရေးဝန်ကြီးဌာန၊ တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန၊ လူငယ်ရေးရာ ကော်မတီ | တိုင်းရင်းသား စာပေယဉ်ကျေးမှု အသင်းအဖွဲ့များ | ၂၀၂၀–၂၀၂၄ | • အစီအမံ အရေအတွက် |

## မဟာဗျူဟာ (၉)

ရည်ရွယ်ချက် – စာပေ၊ ယဉ်ကျေးမှု၊ အနုပညာများဖော်ထုတ်ရာတွင် ခွဲခြားဆက်ဆံမှုများနှင့် လွဲမှားသောအတုယူမှုများမှ ကာကွယ်ပေးရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၉။ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုများ ဖော်ထုတ်ရာတွင် ခွဲခြားဆက်ဆံမှုများနှင့် လွဲမှားသော အတုယူမှုများမှ ကာကွယ်ပေးခြင်း။ | ၉.၁။ စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှု၊ အနုပညာအဖွဲ့အစည်းများကို အသိပညာပေးခြင်း၊ ကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်ရန် တိုက်တွန်းခြင်း။ | လူမှုအသိုက်အဝန်း | ပြန်ကြားရေး ဝန်ကြီးဌာန၊ ပညာရေး ဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန၊ | CSO, INGO, NGO, UN, လူငယ်ရေးရာ ကော်မတီ၊ ရပ်ရွာအစည်းအရုံး | ၂၀၂၀–၂၀၂၄ | • အသိပညာပေး အစီအစဉ်အကြိမ်ရေ |

# (ဈ)

## သုတေသနကဏ္ဍ

အောက်ပါပါဝင်သော အချက်များသည် MSDP ၏ မဟာဗျူဟာ (၃.၇) ခေတ်မီတိုးတက်သည့် နိုင်ငံဖြစ်လာရေးကို အထောက်အပံ့ဖြစ်စေသည့် ဖန်တီးမှုနှင့် ဆန်းသစ်တီထွင်မှုကို ပိုမိုတွန်းအားပေးရေးနှင့် ချိတ်ဆက်လျက်ရှိပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် (၉) (SDG.9) ၏ ရည်မှန်းချက် ၉.၅ ပါ သက္ကရာဇ် ၂၀၃၀ ပြည့်နှစ်တွင် တီထွင်ဆန်းသစ်မှုများကို တွန်းအားပေးခြင်း၊ သုတေသနပြုလုပ်မှု အရေအတွက် တိုးတက်ရေးနှင့် လူဦးရေ တစ်သန်းလျှင် အလုပ်လုပ်သူဦးရေ စဉ်ဆက်မပြတ် တိုးပွားလာစေရေး၊ အများပြည်သူနှင့် ပုဂ္ဂလိကဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သုံးစွဲခြင်းတို့ အပါအဝင် နိုင်ငံအားလုံးရှိ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ စက်မှုကဏ္ဍများ၏ နည်းပညာဆိုင်ရာ စွမ်းရည်တိုးမြှင့်ပေး၍ သိပ္ပံနည်းကျ သုတေသနလုပ်ငန်းများ မြှင့်တင်ရေးကို အထောက်အကူပြုပါမည်။

## မဟာဗျူဟာ (၁)

ရည်ရွယ်ချက် – လူငယ်များ သုတေသနနှင့်ပိုမိုရင်းနှီးကျွမ်းဝင်၍ သုတေသနလုပ်ငန်းများတွင် ပိုမိုပါဝင်နိုင်စေရန်နှင့် လူငယ်သုတေသနပညာရှင်များ ပေါ်ထွန်းလာစေရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၁။ လူငယ်များ သုတေသန လုပ်ငန်းစဉ်များကို ရင်းနှီးကျွမ်းဝင်စေရန်နှင့် လက်တွေ့အသုံးချနိုင်ရန် အစီအစဉ်များ ဆောင်ရွက်ခြင်း။ | ၁.၁။ သုတေသနနှင့်သက်ဆိုင်သော အကျိုးရလဒ်များအား အသိပညာပေးခြင်း။<br>၁.၂။ ကျေးလက်နေလူငယ်များ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းနှင့်..... (အခြား) ပတ်သက်ပြီး (စိန်ခေါ်မှု၊ အခက်အခဲ၊ လိုအပ်ချက်၊ အခွင့်အလမ်း) စစ်တမ်းများ ကောက်ယူခြင်း။<br>၁.၃။ လူငယ်များအတွက် ကဏ္ဍအလိုက် သုတေသန နည်းစနစ်အသုံးချ သင်တန်းများ သင်ကြားပို့ချခြင်း။<br>၁.၄။ သုတေသနဆိုင်ရာ လူငယ် ကျွမ်းကျင်ပညာရှင်များ ပိုမိုမွေးထုတ်ခြင်း။ (ဥပမာ – အခြေခံပညာ အဆင့်မှစ၍ သုတေသန/စစ်တမ်း ကောက်ယူခြင်းနှင့်ဆိုင်သော အလေ့အကျင့်များ ဖြစ်ပေါ်လာစေရန် ဆောင်ရွက်ပေးခြင်း)<br>၁.၅။ တက္ကသိုလ်များတွင် သုတေသနပညာနှင့် ပတ်သက်သော ဘာသာရပ်တစ်ခုကို သင်ကြားပေးခြင်း။ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်/ မြို့နယ်အဆင့် | ပညာရေးဝန်ကြီးဌာန၊ လူငယ်ရေးရာ ကော်မတီ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ CSO, INGO, NGO, UN | ၂၀၂၀–၂၀၂၄ | • အသိပညာပေး အစီအစဉ် အရေအတွက်<br>• စစ်တမ်းအရေအတွက်<br>• စစ်တမ်းအစီရင်ခံစာ အရေအတွက်<br>• သင်တန်း အရေအတွက်<br>• သင်တန်းသား အရေအတွက်<br>• ကျွမ်းကျင်ပညာရှင် အရေအတွက်<br>• သုတေသနပညာ ထည့်သွင်း သင်ကြားနေသော တက္ကသိုလ် အရေအတွက် |

## မဟာဗျူဟာ (၂)

ရည်ရွယ်ချက် – သုတေသနကဏ္ဍကို နိုင်ငံတော်အစိုးရနှင့် ဆက်စပ်ဝန်ကြီးဌာနအားလုံးက ထိရောက်စွာ ထောက်ပံ့ပေးရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၂။ သုတေသန လုပ်ငန်းစဉ်များအတွက် လုံလောက်ထိရောက်သော အစီအမံများ ပံ့ပိုးခြင်း။ | ၂.၁။ သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် သုတေသနရန်ပုံငွေများ ခွဲဝေချထားရန်နှင့် ထိရောက်စွာ အသုံးချရန် ဆောင်ရွက်ပေးခြင်း။ | ပြည်ထောင်စု အဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | ဆက်စပ် ဝန်ကြီးဌာနများ | CSO, INGO, NGO, UN, ဆက်စပ် ဝန်ကြီးဌာနများ၊ | ၂၀၂၀-၂၀၂၄ | • သုတေသနရန်ပုံငွေ သီးသန့်ရှိခြင်း (ရှိ/မရှိ)<br>• ရန်ပုံငွေရရှိမှုနှင့် လိုအပ်ချက်အချိုး (ရရှိ/ လိုအပ်) |
| | ၂.၂။ ကဏ္ဍပေါင်းစုံ သုတေသီများအားလုံး ပါဝင်သော နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် တက္ကသိုလ်များတွင် ဒေသတွင်း နှီးနှောဖလှယ်ပွဲများ ဆောင်ရွက်ပေးခြင်း။ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | | CSO, INGO, NGO, UN, ဆက်စပ် ဝန်ကြီးဌာနများ၊ | | • နှီးနှောဖလှယ်ပွဲ အရေအတွက် (တိုင်းဒေသကြီး/ ပြည်နယ်အလိုက်) |
| | ၂.၃။ အမျိုးသား သုတေသနစင်တာ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် သုတေသနနှင့် သတင်းအချက်အလက် စင်တာများ ပေါ်ပေါက်လာရေးအတွက် အသိပေးစည်းရုံးခြင်း။ | ပြည်ထောင်စုအဆင့် | လူငယ်ရေးရာ ကော်မတီ | | | • သတင်းအချက်အလက် စင်တာအရေအတွက်<br>• သတင်းအချက်အလက် စင်တာ ဖြစ်ပေါ်ရေး ပညာပေး စည်းရုံးမှု အကြိမ်ရေ |
| | ၂.၄။ မြန်မာနိုင်ငံ သုတေသနကောင်စီ ပေါ်ပေါက်လာရန် အဆင့်ဆင့် ပြင်ဆင်ခြင်း။ | | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ လူငယ်ရေးရာ ကော်မတီ | | | • သုတေသနကောင်စီ ဖွဲ့စည်းပြီးစီးခြင်း (ပြီး/ မပြီး) |

## မဟာဗျူဟာ (၃)

ရည်ရွယ်ချက် – သုတေသနကဏ္ဍအလိုက် မူဝါဒဥပဒေများထားရှိရန်နှင့် သုတေသီများကို အကာအကွယ်ပေးနိုင်ရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၃။ သုတေသနလုပ်ငန်းနှင့် ဆိုင်သော မူဝါဒနှင့် ဥပဒေများ၏ သက်ရောက်မှုကို မြှင့်တင်ခြင်း။ | ၃.၁။ သုတေသနလုပ်ငန်းနှင့် ဆိုင်သော ရှိရင်းစွဲမူဝါဒများ၊ ဥပဒေများကို ပြန်လည်သုံးသပ်ခြင်း။<br>၃.၂။ တွေ့ရှိချက်များအပေါ် အခြေခံ၍ လူငယ်များ၏ အခန်းကဏ္ဍကို မြှင့်တင်နိုင်ရန်နှင့် သုတေသီများအား အကာအကွယ်ပေးနိုင်မည့် မူဝါဒများ၊ ဥပဒေများကို ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်းများ ပြုလုပ်ခြင်း၊ လေ့လာအကဲဖြတ်ခြင်း။ | ပြည်ထောင်စုအဆင့် | သက်ဆိုင်ရာ ဝန်ကြီးဌာနများ | လွှတ်တော်၊ လူငယ်ရေးရာ ကော်မတီ၊ CSO, INGO, NGO, UN | ၂၀၂၀-၂၀၂၄ | • ဥပဒေသုံးသပ်ချက် အစီရင်ခံစာ<br>• အကာအကွယ် ပေးနိုင်သည့် ဥပဒေများ (ရှိ/မရှိ) |

# (ည)

## သိပ္ပံနှင့်နည်းပညာကဏ္ဍ

အောက်ပါပါဝင်သော အချက်များသည် MSDP ၏ မဟာဗျူဟာ (၄.၁) အရည်အသွေးမြင့်မားသော ရာသက်ပန်ပညာရေးဆိုင်ရာ အခွင့်အလမ်း တန်းတူ ရရှိရေးနှင့် ချိတ်ဆက်လျက်ရှိပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် (၄) (SDG.4) လူသားအားလုံး အကျိုးဝင်ကာ ညီညွတ်မျှတပြီး အရည်အသွေးရှိသည့် ပညာသင်ယူနိုင်ရေးနှင့် ဘဝတစ်လျှောက် အစဉ်လေ့လာ သင်ယူနိုင်သော အခွင့်အလမ်းရရှိရေးအား အထောက်အကူပြုပါမည်။

## မဟာဗျူဟာ (၁)

ရည်ရွယ်ချက်– လူငယ်များကို သိပ္ပံနှင့်နည်းပညာ ဇဟုသုတနှင့်ကျွမ်းကျင်မှုများကို စနစ်တကျ ကျွမ်းကျင်တတ်မြောက်စေရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၁။ စနစ်တကျ လေ့ကျင့်ပျိုးထောင် ပေးနိုင်သည့် အစီအမံများ ပြုလုပ်ခြင်း။ | ၁.၁။ သင်တန်းအမျိုးအစား ဖော်ထုတ်နိုင်ရန်အတွက် ဒေသအလိုက် လိုအပ်ချက်များ ရှာဖွေခြင်း။<br>၁.၂။ လေ့ကျင့်ပျိုးထောင် ပေးမည့်သင်တန်း၊ ဆရာဖြစ်သင်တန်းများ ပြုလုပ်ခြင်း။<br>၁.၃။ ဒေသအလိုက် လိုအပ်ချက်နှင့် ကိုက်ညီသော သင်တန်းများ ပြုလုပ်ခြင်း။<br>၁.၄။ သင်ကြားနေသော ဆရာ/ ဆရာမများ၏ အရည်အချင်းအား ဆန်းစစ်လေ့လာခြင်းနှင့် မွမ်းမံသင်တန်းများ ပြုလုပ်ခြင်း။<br>၁.၅။ သင်ထောက်ကူပစ္စည်းများ၊ ခေတ်မီလက်တွေ့ ပစ္စည်းများ၊ အခြေခံ အဆောက်အဦများ ဖြည့်ဆည်းပေးခြင်းနှင့် ရေရှည်လည်ပတ်နိုင်အောင် ဆောင်ရွက်ခြင်း။<br>၁.၆။ စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်သော အစီအမံများ ဆောင်ရွက်ခြင်း။<br>၁.၇။ ပြုစုပျိုးထောင်ရေး စင်တာ (Incubation Center) များ တည်ထောင်ခြင်း။ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | ပညာရေးဝန်ကြီးဌာန | တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ၊ လူငယ်ရေးရာ ကော်မတီ | ၂၀၂၀-၂၀၂၄ | • ဒေသအလိုက် လိုအပ်ချက်များ အစီရင်ခံစာ ပြုစုပြီးစီးခြင်း (ပြီး/မပြီး)<br>• ဆရာဖြစ်သင်တန်း အရေအတွက်<br>• ဆရာဖြစ်သင်တန်းသား အရေအတွက်<br>• ကိုက်ညီသော သင်တန်း အရေအတွက်<br>• ကိုက်ညီသော သင်တန်းသား အရေအတွက်<br>• မွမ်းမံသင်တန်း အရေအတွက်<br>• မွမ်းမံသင်တန်းသား အရေအတွက်<br>• ပြည့်စုံသော အခြေခံအဆောက်အဦ ဖြည့်ဆည်းပြီးသည့် နေရာ (သို့) ကျောင်း အရေအတွက်<br>• အစီအမံအမျိုးအစား အရေအတွက်<br>• စင်တာအရေအတွက် |

## မဟာဗျူဟာ (၂)

ရည်ရွယ်ချက် – နည်းပညာနှင့်ပတ်သက်သော အဖွဲ့အစည်းများ လုပ်ရှားဆောင်ရွက်မှုများတွင် လူငယ်များ ပိုမိုတက်ကြွစွာ ပါဝင်လာစေရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၂။ နည်းပညာနှင့် ပတ်သက်သော အဖွဲ့အစည်းများနှင့် လှုပ်ရှားဆောင်ရွက်မှုများတွင် လူငယ်များ၏ ပါဝင်မှုကိုမြှင့်တင်ခြင်း။ | ၂.၁။ နည်းပညာကျောင်းများ၊ တက္ကသိုလ်များအချင်းချင်း နည်းပညာဖလှယ်သည့် အစီအစဉ်များ ပြုလုပ်ခြင်း။<br>၂.၂။ အစိုးရမှဦးဆောင်ပြီး နည်းပညာဖိတ်ခေါ်ပြိုင်ပွဲများ ပြုလုပ်ခြင်း။ (ပညာတော်သင်များ စေလွှတ်ခြင်း၊ လေ့လာရေးခရီးစဉ်များ ဆောင်ရွက်ပေးခြင်း၊ exchange visit များ ဆောင်ရွက်ပေးခြင်း)<br>၂.၃။ သိပ္ပံနှင့် နည်းပညာတက္ကသိုလ်များတွင် ဂျာနယ်များ၊ မဂ္ဂဇင်းများကို သက်ဆိုင်ရာတက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့မှ ထုတ်ဝေနိုင်ရန် ဆောင်ရွက်ခြင်း။<br>၂.၄။ သက်ဆိုင်ရာ တက္ကသိုလ်များတွင် တီထွင်ဆန်းသစ်မှုဆိုင်ရာ စီမံကိန်းအစီအစဉ်များ ပြုလုပ်ပေးခြင်း ပြည်တွင်း၊ ပြည်ပမှ ကျွမ်းကျင်ပညာရှင်များ၏ သင်ကြားပေးသော အစီအစဉ်များ ဆောင်ရွက်ပေးခြင်း။<br>၂.၅။ လူငယ်စင်တာများတွင် Bar Camp များ ပွဲတော်ထားရှိပေးခြင်း။ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | ပညာရေးဝန်ကြီးဌာန | တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ၊ လူငယ်ရေးရာ ကော်မတီ | ၂၀၂၀–၂၀၂၄ | • နည်းပညာဖလှယ်ရေး အစီအစဉ်အရေအတွက်<br>• ပြိုင်ပွဲအရေအတွက်<br>• အစီအစဉ်အရေအတွက်<br>• မဂ္ဂဇင်း၊ ဂျာနယ် အမျိုးအစား အရေအတွက်<br>• မဂ္ဂဇင်း၊ ဂျာနယ် ထုတ်ဝေနိုင်သော တက္ကသိုလ်အရေအတွက်<br>• အစီအစဉ်အရေအတွက်<br>• Bar Camp ပွဲတော်ပါရှိသော လူငယ်စင်တာ အရေအတွက်/နှုန်း |

## မဟာဗျူဟာ (၃)

ရည်ရွယ်ချက် – လူငယ်ပညာရှင်များ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်အတွက် ထိရောက်သောအကူအညီများ ကူညီထောက်ပံ့ပေးရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၃။ သုတေသန ပြုလုပ်နိုင်ရန်အတွက် လိုအပ်သော အကူအညီ အထောက်အပံ့များ ပေးခြင်း။ | ၃.၁။ သုတေသနလုပ်ငန်းများ အတွက်ရန်ပုံငွေ တိုးမြှင့်ရရှိစေရန် ဆောင်ရွက်ခြင်း၊<br>၃.၂။ နည်းပညာရရှိစေရန် ဆောင်ရွက်ခြင်း။<br>၃.၃။ အခြေခံအဆောက်အဦများ ရရှိစေရန်ဆောင်ရွက်ခြင်း။ | ပြည်ထောင်စုအဆင့် | ပညာရေးဝန်ကြီးဌာန | တိုင်းဒေသကြီး/ ပြည်နယ် အစိုးရများ၊ လွှတ်တော် CSO, INGO, NGO, UN, နည်းပညာဆိုင်ရာ အဖွဲ့အစည်းများ၊ လူငယ်ရေးရာ ကော်မတီ | ၂၀၂၀–၂၀၂၄ | • -သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် ဘဏ္ဍာငွေရရှိမှုအချိုး (ရရှိ/လိုအပ်)<br>• နည်းပညာရှင် အရေအတွက်<br>• အခြေခံအဆောက်အဦ ပြည့်စုံသောလုပ်ငန်းများ အရေအတွက် |

## မဟာဗျူဟာ (၄)

ရည်ရွယ်ချက် – နည်းပညာကျွမ်းကျင်သည့် လူငယ်များကို နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးတွင် အကျိုးရှိရှိအသုံးချနိုင်မည့် အခွင့်အရေးများကို ဖော်ဆောင်ပေးရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၄။ နည်းပညာကျွမ်းကျင် လူငယ်များအတွက် အသုံးချနိုင်မည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း။ | ၄.၁။ စက်မှုလက်မှု (Tech Camp) များ၊ နည်းပညာနှင့်ပတ်သက်သော အလုပ်အကိုင်ပြပွဲများ ပြုလုပ်ခြင်း။<br>၄.၂။ ပြည်တွင်း ကျွမ်းကျင်ပညာရှင်များ၏ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်စေရန် အတွက်မူဝါဒများ ချမှတ်ခြင်း၊ ဥပဒေများပြင်ဆင်ခြင်းနှင့် ပြဋ္ဌာန်းခြင်းများ ဆောင်ရွက်နိုင်ရန် တွန်းအားပေးခြင်း။ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | ပညာရေး ဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီး ဌာနများ | တိုင်းဒေသကြီး/ ပြည်နယ် အစိုးရများ၊ လူငယ်ရေးရာ ကော်မတီ၊ CSO, INGO, NGO , UN, နည်းပညာဆိုင်ရာ အဖွဲ့အစည်းများ | ၂၀၂၀–၂၀၂၄ | • ပြပွဲအရေအတွက်<br>• မူဝါဒ၊ ဥပဒေ ရှိခြင်း (ရှိ/မရှိ) |

# (၄)

## ပြည်သူ့နီတိနှင့်နိုင်ငံသားကောင်းဖြစ်မှုကဏ္ဍ

အောက်ပါပါဝင်သော အချက်များသည် MSDP ၏ မဟာဗျူဟာ (၄.၁) အရည်အသွေးမြင့်မားသော ရာသက်ပန်ပညာရေးဆိုင်ရာ အခွင့်အလမ်း တန်းတူရရှိရေးနှင့် ချိတ်ဆက်လျက်ရှိပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် (၄) (SDG.4) လူသားအားလုံး အကျုံးဝင်ကာ ညီညွတ်မျှတပြီး အရည် အသွေးရှိသည့် ပညာသင်ယူနိုင်ရေးနှင့် ဘဝတစ်လျှောက် အစဉ်လေ့လာ သင်ယူနိုင်သော အခွင့်အလမ်းရရှိရေးအား အထောက်အကူပြုပါမည်။

## မဟာဗျူဟာ (၁)

ရည်ရွယ်ချက် – လူ့အခွင့်အရေးတန်ဖိုးများ ဒီမိုကရေစီစံနှုန်းများနှင့် ဖက်ဒရယ်သဘောတရားများကို လူငယ်များကျင့်သုံးလိုက်နာစေရန် စီမံအုပ်ချုပ်မှုစွမ်းရည်၊ ဦးဆောင်မှုစွမ်းရည်၊ နိုင်ငံသားကောင်းပီသမှုနှင့် ပတ်သက်သည့် အရည်အသွေးမြင့်မားလာခြင်းဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုစိတ်ဓာတ်ကို ပျိုးထောင်ပေးနိုင်ရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၁။ လူ့အခွင့်အရေးတန်ဖိုးများ၊ ဒီမိုကရေစီစံနှုန်းများနှင့် ဖက်ဒရယ်သဘောတရားများ ပါဝင်သော ပြည်သူ့နီတိ သင်ရိုးပြုစုခြင်းနှင့် သင်ကြားမှုပုံစံ သတ်မှတ်ခြင်း။ | ၁.၁။ ယခင်ရှိနှင့်ပြီးသော သင်ရိုးများနှင့် ပညာရေးဝန်ကြီးဌာန၏ ဒေသသင်ရိုးများကို Standard Content နှင့် ကိုက်ညီမှုရှိ/မရှိ ဆန်းစစ်ခြင်းနှင့် အကြံပြုတင်ပြခြင်း။<br>၁.၂။ တွေ့ရှိချက်များနှင့် လိုက်လျောညီထွေမှုရှိအောင် ပြင်ဆင်ခြင်းနှင့် အတည်ပြုခြင်း။ | ပြည်ထောင်စုအဆင့် | ပညာရေးဝန်ကြီးဌာန၊ လူမှု/ကယ်ဆယ် ဝန်ကြီးဌာန၊ ပညာရှင်လူငယ်များ၊ လူငယ်ရေးရာ ကော်မတီ | တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန CSO, INGO, NGO, UN | ၂၀၂၀-၂၀၂၄ | • ခေတ်စနစ်နှင့် ကိုက်ညီသော သင်ကြားမှုပုံစံနှင့် သင်ရိုး (ရှိ/မရှိ) |

## မဟာဗျူဟာ (၂)

ရည်ရွယ်ချက် – ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းဖြစ်မှု ခေါင်းစဉ်နှင့် ပတ်သက်သော သဘောတရားများကို လူငယ်များအားသင်ကြားပေးရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၂။ ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းဖြစ်မှုဆိုင်ရာ သင်ကြားခြင်း။ | ၂.၁။ အခြေခံပညာအထက်တန်းအဆင့် ဒေသသင်ရိုးတွင် ထည့်သွင်း သင်ကြားခြင်းနှင့် တက္ကသိုလ်များတွင် သင်ကြားပို့ချမှုများ ဆောင်ရွက်ခြင်း။<br>၂.၂။ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကျောင်းပြင်ပလူငယ်များအား သင်တန်းပေးခြင်း။ | တိုင်းဒေသကြီး/ ပြည်နယ်/မြို့နယ်/ ရပ်ကွက်/ကျေးရွာ အဆင့် | ပညာရေးဝန်ကြီးဌာန၊ လူမှု/ကယ်ဆယ် ဝန်ကြီးဌာန၊ လူငယ်ရေးရာ ကော်မတီ၊ CSO, INGO, NGO, UN | တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ၊ အလှူရှင် အဖွဲ့အစည်းများ | ၂၀၂၀-၂၀၂၄ | • သင်ကြားပေးနိုင်သော ကျောင်းအရေအတွက်/ ကျောင်းသား အရေအတွက်<br>• ကျောင်းပြင်ပ လူငယ်များအတွက် သင်တန်းအရေအတွက်၊ သင်တန်းသား အရေအတွက်<br>• ကျောင်းသား၊ သင်တန်းသားများ၏ သိရှိနားလည်မှု အဆင့်အတန်း |

## မဟာဗျူဟာ (၃)

ရည်ရွယ်ချက် – ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းဖြစ်မှုနှင့် ပတ်သက်သောအချက်များကို လူငယ်များ ပိုမိုပြန့်နှံ့သိရှိစေရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့်အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၃။ လူငယ်များ နိုင်ငံသားကောင်းဖြစ်မှုဆိုင်ရာ ပညာပေးရန်၊ လက်တွေ့ကျင့်သုံးနိုင်မည့် အစီအစဉ်များ ဖော်ထုတ်ဆောင်ရွက်ရန် Youth Development (Human Right, Federalism, Civic Education, Democracy) နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ကဏ္ဍစုံမှ စံပြလူငယ်များ ပေါ်ထွက်လာစေခြင်း။ | ၃.၁။ သင်ရိုးနှင့်ကိုက်ညီသော သင်ကြားသင်ယူမှုစနစ်များတွင် လက်တွေ့ကျင့်သုံးစေမည့် အစီအစဉ်များ ထည့်သွင်းခြင်း။<br>၃.၂။ စခန်းချလေ့လာရေးနှင့် ဗဟုသုတဖလှယ်ရေး ခရီးစဉ်များ၊ အထိမ်းအမှတ်ပွဲများ အစရှိသဖြင့် လူငယ်ဖွံ့ဖြိုးမှု အထောက်အကူပြု အစီအစဉ်များ ဆောင်ရွက်ခြင်း။<br>၃.၃။ ကဏ္ဍစုံမှစံပြလူငယ်များ ပေါ်ထွက်လာရေးအတွက် ရွေးချယ်ဂုဏ်ပြုခြင်း အစီအစဉ်များ ဆောင်ရွက်ခြင်း။ (ဥပမာ–Exchange, YouthTalk, International Conference, Model Sampling)<br>၃.၄။ ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းဖြစ်မှု အထောက်အကူပြုမည့် ဒီမိုကရေစီ ဖက်ဒရယ်သင်တန်း၊ စကားဝိုင်းဆွေးနွေးပွဲများ (Debate, Talk Show, Panel, Dialogue)၊ ရုပ်မြင်သံကြား အစီအစဉ်များ (TV Channel, Radio)၊ ပုံနှိပ်မီဒီယာများ၊ လူမှုကွန်ရက် စာမျက်နှာ (Social Media) များ၊ လူငယ်များနေ့ (Youth Day) တွင် တစ်နေ့တာလုံး လူငယ်အစီအစဉ်များ ဆောင်ရွက်ခြင်း။ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်/ မြို့နယ်/ရပ်ကွက်/ ကျေးရွာအဆင့် | တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ၊ လူငယ်ရေးရာ ကော်မတီ | အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန၊ ပညာရေး ဝန်ကြီးဌာန၊ ပြန်ကြားရေး ဝန်ကြီးဌာန၊ လူမှု/ကယ်ဆယ် ဝန်ကြီးဌာန၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၊ CSO, INGO, NGO, UN, တိုင်းရင်းသား စာပေယဉ်ကျေးမှု အဖွဲ့များ | ၂၀၂၀–၂၀၂၄ | • အစီအစဉ်အမျိုးအစား အရေအတွက်<br>• အစီအစဉ်အမျိုးအစား အလိုက် အရေအတွက်<br>• အထောက်အကူပြု အစီအစဉ်အရေအတွက်<br>• စံပြလူငယ်အရေအတွက်<br>• အစီအစဉ်အမျိုးအစား အရေအတွက်<br>• အမျိုးအစားအလိုက် အစီအစဉ်အရေအတွက်<br>• သင်တန်းအရေအတွက်<br>• လူငယ်အစီအစဉ် အမျိုးအစား အရေအတွက် |

## မဟာဗျူဟာ (၄)

ရည်ရွယ်ချက် – လူငယ်အကျိုးပြု သတင်းအချက်အလက်များနှင့် လှုပ်ရှားဆောင်ရွက်မှုသတင်းကို လူငယ်များအကြား ပြန့်နှံ့သိရှိစေရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၄။ လူငယ်အကျိုးပြု သတင်းအချက်အလက်များနှင့် လှုပ်ရှားဆောင်ရွက်မှုများအား အချိန်နှင့်တပြေးညီ မျှဝေနိုင်စေခြင်း။ | ၄.၁။ လူငယ်အစီအစဉ်များ (Youth Channel) ပေါ်ပေါက်ရန် ဆောင်ရွက်ခြင်း။<br><br>၄.၂။ လူငယ်အစီအစဉ်များ (Youth Program) များကို စီစဉ်တင်ဆက်ခြင်း။ | ပြည်ထောင်စု အဆင့် | ပြန်ကြားရေး ဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရများ၊ တက္ကသိုလ်များ၊ လူငယ်ရေးရာ ကော်မတီ | သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရ၊ ပုဂ္ဂလိက သတင်းဌာနများ | ၂၀၂၀–၂၀၂၄ | • လူငယ်အစီအစဉ်များ Youth Channel ရှိခြင်း (ရှိ/မရှိ)<br>• လူငယ်အစီအစဉ်များ YouthProgram ရှိခြင်း (ရှိ/မရှိ)<br>• လူငယ်အစီအစဉ်များ Youth Program အရေအတွက်<br>• လူငယ်အစီအစဉ်များ YouthProgram ကြာမြင့်ချိန် (မိနစ်) |

## မဟာဗျူဟာ (၅)

ရည်ရွယ်ချက် – လူငယ်များပရဟိတလုပ်ငန်းများ အစီအစဉ်များတွင် ပိုမိုပါဝင်လာစေရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၅။ လုပ်အားပေး အစီအစဉ်များ ဖော်ထုတ်ရန်၊ ပရဟိတ အစီအစဉ်များ ဆောင်ရွက်ခြင်း။ | ၅.၁။ တက္ကသိုလ်ဝင်တန်းဖြေဆိုပြီးချိန် နှင့် တက္ကသိုလ်အားလပ်ရက်များတွင် လူငယ်လုပ်အားပေးအစီအစဉ်များကို စီစဉ်ခြင်း။<br>၅.၂။ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ ချိတ်ဆက်ခြင်း။<br>၅.၃။ လုပ်အားပေးအတွေ့အကြုံများအား ပြန်လည်မျှဝေဆွေးနွေးခြင်း။<br>၅.၄။ လူငယ်အဖွဲ့အစည်းများနှင့် လူငယ်ကွန်ရက်များ ချိတ်ဆက်ဆောင်ရွက်ခြင်း။ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၊ တက္ကသိုလ်အလိုက် | လူမှု/ကယ်ဆယ် ဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနအသီးသီး၊ လူငယ်အဖွဲ့အစည်းများ ကွန်ရက်၊ တက္ကသိုလ် | CSO, INGO , NGO, UN, လူငယ်ရေးရာ ကော်မတီ | ၂၀၂၀–၂၀၂၄ | • အစီအစဉ်အရေအတွက်<br>• ချိတ်ဆက်အဖွဲ့အစည်း၊ ဝန်ကြီးဌာန အရေအတွက်<br>• အတွေ့အကြုံဖလှယ်ခြင်း အရေအတွက်<br>• လူငယ်ကွန်ရက် အရေအတွက် |

## မဟာဗျူဟာ (၆)

ရည်ရွယ်ချက် – ဝန်ထမ်းလူငယ်များ၏ အရည်အသွေးနှင့် ထိုက်သင့်သော လစာနှင့်ခံစားခွင့်မြှင့်တင်ခြင်းဖြင့် အလုပ်ကိုမြတ်နိုးတန်ဖိုးထားပြီး အဂတိလိုက်စားမှုကို တိုက်ဖျက်ရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၆။ ဝန်ထမ်းလူငယ်များ၏ အရည်အသွေးနှင့် ကျွမ်းကျင်မှုအပေါ်မူတည်၍ ထိုက်သင့်သော ခံစားခွင့်များ ချီးမြှင့်ခြင်း။ | ၆.၁။ အတွေ့အကြုံများ၊ အရည်အသွေးများ မြှင့်တင်ပေးနိုင်ရန် ပြည်တွင်းပြည်ပ စေလွှတ်ခြင်း။<br>၆.၂။ လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းများ စီစဉ်ပေးခြင်း။<br>၆.၃။ အရည်အသွေးနှင့် စိတ်ဓာတ် မြင့်မားသော လူငယ်ဝန်ထမ်း ကောင်းများကို ဆုပေးခြင်း အစီအစဉ်များ ပိုမိုအားကောင်း သိသာမြင်သာအောင် ဆောင်ရွက်ခြင်း။ | ပြည်ထောင်စုအဆင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ဝန်ကြီးဌာနများ အားလုံး၊ | လူငယ်ရေးရာ ကော်မတီ | ၂၀၂၀-၂၀၂၄ | • ပြည်တွင်း/ ပြည်ပ ခရီးစဉ်အရေအတွက်<br>• သင်တန်း အရေအတွက်<br>• သင်တန်းသား အရေအတွက်<br>• ဆုချီးမြှင့်ခံ ဝန်ထမ်းကောင်း အရေအတွက် |

# (၄)

## သယံဇာတသုံးစွဲမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ

အောက်ပါပါဝင်သော အချက်များသည် MSDP ၏ မဟာဗျူဟာ (၅.၁) သင့်တင့်မျှတပြီး ကောင်းမွန်စွာလည်ပတ်သော ဂေဟစနစ်နှင့်အတူ သန့်ရှင်းသော သဘာဝပတ်ဝန်းကျင် ဖြစ်ပေါ်လာစေရေး၊ (၅.၂) ကာဗွန်ထုတ်လွှတ်မှုနည်းပါးသည့် ဖွံ့ဖြိုးမှုလမ်းကြောင်းသို့ ကူးပြောင်းရေး၊ လူမှုဘဝများကို ကာကွယ်စောင့်ရှောက်၍ သဘာဝဘေးအန္တရာယ်ကျရောက်မှု လျော့ကျစေရေးနှင့် ရာသီဥတုပြောင်းလဲမှုဒဏ် ခံနိုင်ရည်ရှိမှုမြှင့်တင်ရေးနှင့် ချိတ်ဆက်လျက်ရှိပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် (၁၂၊ ၁၃၊ ၁၄၊ ၁၅) နှင့် ရည်မှန်းချက် ၁.၅၊ ၂.၄၊ ၃.၉၊ ၆.၃၊ ၉.၄ တို့ကို အထောက်အကူပြုပါမည်။

## မဟာဗျူဟာ (၁)

ရည်ရွယ်ချက် – သယံဇာတသုံးစွဲမှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့တွင် လူငယ်များ ပိုမိုပူးပေါင်းပါဝင်စေရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၁။ သယံဇာတ သုံးစွဲမှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း စောင့်ရှောက်ရေး ကဏ္ဍတိုင်းတွင် လူငယ်များ ပူးပေါင်းပါဝင်မှု မြှင့်တင်ခြင်း။ | ၁.၁။ Environmental Impact Assessment (EIA)/Social Impact Assessment (SIA)/Free Prior Informed Consent (FPIC) စသော လုပ်ငန်းများ စတင်ဆောင်ရွက်စဉ် ကတည်းက လူငယ်များကို ပါဝင်ခွင့် ပိုမိုမြှင့်တင်ပေးခြင်း။<br>၁.၂။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးခြင်း။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ အသိပညာပေးခြင်း၊ ဒေသခံလူငယ်များအား EIA/SIA/FPIC အသိပညာပေးခြင်း၊ ရာသီဥတုနှင့် လိုက်လျောညီထွေစွာ နေထိုင်နိုင်ရေး အသိပညာပေးခြင်း။<br>၁.၃။ နိုင်ငံတကာနှင့် ချိတ်ဆက်လုပ်ဆောင်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ်များတွင် လူငယ်များ ပါဝင်မှုကို မြှင့်တင်ခြင်း။<br>၁.၄။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေသော အဖွဲ့များနှင့် ချိတ်ဆက် ပူးပေါင်းဆောင်ရွက်ခြင်း။<br>၁.၅။ နည်းပြသင်တန်း (TOT) ပေးခြင်းနှင့် လူငယ်များအချင်းချင်း ဆင့်ပွားသင်တန်း ပြုလုပ်ပေးခြင်း၊ အစီအစဉ် ချမှတ်ပေးခြင်း။ | တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်/ မြို့နယ်အဆင့် | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန | လူငယ်ရေးရာ ကော်မတီ၊ ဝန်ကြီးဌာနများ အားလုံး၊ UN, INGO, NGO, CSO, CBO, ပုဂ္ဂလိကကဏ္ဍ | ၂၀၂၀-၂၀၂၄ | • ပါဝင်ခွင့်ရသူ လူငယ်အရေအတွက် အသိပညာပေးခြင်း အကြိမ်ရေ<br>• တက်ရောက်သူ လူငယ်အရေအတွက်<br>• အသိပညာပေး စာရွက်စာတမ်းများ (ရှိ/မရှိ)<br>• ပါဝင်ခွင့်ရရှိသူ လူငယ်အရေအတွက်<br>• ချိတ်ဆက် ဆောင်ရွက်နေသော အဖွဲ့အစည်း အရေအတွက်<br>• နည်းပြသင်တန်း အရေအတွက်<br>• နည်းပြသင်တန်းသား အရေအတွက်<br>• ဆင့်ပွားသင်တန်း အရေအတွက်<br>• ဆင့်ပွားသင်တန်းသား အရေအတွက် |

## မဟာဗျူဟာ (၂)

ရည်ရွယ်ချက် – သယံဇာတသုံးစွဲမှုလေ့လာခြင်းတွင် လူငယ်များ ပိုမိုထိရောက်စွာပါဝင်လာစေရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန် ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၂။ သယံဇာတ ထုတ်ယူသုံးစွဲမှုနှင့် စောင့်ကြည့်လေ့လာမှု အဆင့်တိုင်းတွင် လူငယ်များ၏ အခန်းကဏ္ဍကို မြှင့်တင်ခြင်း။ | ၂.၁။ လူငယ်များ၏ လေ့လာစောင့်ကြည့်ခြင်း၊ အစီရင်ခံခြင်း အစီအစဉ်များတွင် တရားဝင်ဖြစ်မှု အစီအမံများ ဆောင်ရွက်ခြင်း။<br><br>၂.၂။ မူဝါဒရေးရာ အကောင်အထည်ဖော်မှု ပိုင်းတွင် စောင့်ကြည့်ရန်နှင့် စည်းရုံးလှုံ့ဆော် နိုင်ရန်အတွက် အရင်းအမြစ်များကို ပံ့ပိုးခြင်း။<br><br>၂.၃။ သယံဇာတထုတ်ယူ သုံးစွဲမှုနှင့် လေ့လာစောင့်ကြည့်နေသော အဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း၊ စွမ်းဆောင်ရည် မြှင့်တင်ခြင်း။ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်/ မြို့နယ်အဆင့် | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ၊ လူငယ်ရေးရာ ကော်မတီ | ဆက်စပ် ဝန်ကြီးဌာနများ အားလုံး၊ UN, INGO, NGO, CSO, CBO, ပုဂ္ဂလိကကဏ္ဍ၊ အလှူရှင်များ | ၂၀၂၀-၂၀၂၄ | • တရားဝင် သတ်မှတ်ခံရသော လူငယ်များ၏ စောင့်ကြည့် လေ့လာမှု အစီအစဉ် (ရှိ/မရှိ)<br>• စောင့်ကြည့် လေ့လာရာတွင် အသုံးပြုရန် အရင်းအမြစ် အမျိုးအစားနှင့် အရေအတွက်<br>• ချိတ်ဆက် ဆောင်ရွက်နေသော အဖွဲ့အစည်း အရေအတွက် |

## မဟာဗျူဟာ (၃)

ရည်ရွယ်ချက် – သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် လူငယ်များ ပိုမိုတက်ကြွထိရောက်စွာ ပါဝင်လာစေရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၃။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်မှု အစီအစဉ်များတွင် လူငယ်များ၏ ပူးပေါင်းဆောင်ရွက်ခွင့်ကို မြှင့်တင်ခြင်း။ | ၃.၁။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူထုလှုပ်ရှားမှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခြင်း။<br>၃.၂။ ပြည်တွင်းလှုပ်ရှားမှုများတွင် သာမက ပြည်ပလှုပ်ရှားမှုများတွင် လူငယ်များမှ ပါဝင်နိုင် ရန်ဆောင်ရွက်ခြင်း။<br>၃.၃။ ပတ်ဝန်းကျင်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများတွင် တက်ရောက်စေခြင်းနှင့် လေ့လာရေးအစီအစဉ်များ ပြုလုပ်ခြင်း။<br>၃.၄။ လူငယ်များဦးဆောင်သော သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းခြင်းဆိုင်ရာ အဖွဲ့များဖွဲ့စည်းခြင်း။ | တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်/ မြို့နယ်အဆင့် | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ၊ လူငယ်ရေးရာ ကော်မတီ | ဆက်စပ် ဝန်ကြီးဌာနများ အားလုံး၊ UN, INGO, NGO, CSO, CBO, ပုဂ္ဂလိကကဏ္ဍ၊ အလှူရှင်များ | ၂၀၂၀-၂၀၂၄ | • လူထုလှုပ်ရှားမှု အရေအတွက်<br>• ပါဝင်သူလူငယ် အရေအတွက်<br>• နှီးနှောဖလှယ်ပွဲ၊ လေ့လာရေး အစီအစဉ်အရေအတွက်<br>• အဖွဲ့အရေအတွက် |

# (၃)

## ငြိမ်းချမ်းရေး/ဘဝလုံခြုံရေးကဏ္ဍ

အောက်ပါပါဝင်သော အချက်များသည် MSDP ၏ မဟာဗျူဟာ (၁.၁) တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိရေးနှင့် ငြိမ်းချမ်းရေး ပိုမိုခိုင်မာလာရေး၊ မဟာဗျူဟာ (၁.၂) တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် မျှတပြီး ပဋိပက္ခမဖြစ်ရေးဦးတည်သည့် လူမှုစီးပွားဖွံ့ဖြိုးမှုကို ဦးတည်ရေးနှင့် ချိတ်ဆက်လျက်ရှိပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် (၁၆) (SDG.16) စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ငြိမ်းချမ်း၍ အားလုံးပါဝင်နိုင်သောအဖွဲ့အစည်းများတိုးတက်စေရေး၊အားလုံးအတွက်တရားမျှတမှုဖြစ်ပေါ်စေရေးနှင့်အဆင့်တိုင်း၌ထိရောက်၍တာဝန်ခံမှု၊တာဝန်ယူမှုရှိသောလူတိုင်းအကျုံးဝင်သည့် အဖွဲ့အစည်းများ ထူထောင်ရေးကို ရရှိစေရန် အထောက်အကူပြုပါမည်။

## မဟာဗျူဟာ (၁)

ရည်ရွယ်ချက် – လူငယ်များအကြား ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် အသိပညာများ တိုးတက်မြင့်မားလာစေရန်နှင့် ပြန့်ပွားလာစေရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၁။ လူငယ်များ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ငြိမ်းချမ်းရေး အသိပညာများ မြင့်မားလာစေခြင်း။ | ၁.၁။ ငြိမ်းချမ်းရေး အထောက်အကူပြု အသိပညာပေး သင်တန်းများပေးခြင်း။<br>၁.၂။ ငြိမ်းချမ်းရေးဖြစ်စဉ် အသိပညာပေးခြင်းနှင့် သက်ဆိုင်သော စာတမ်းများကို အသိပညာပေးခြင်း၊ ပြုစုခြင်း။<br>၁.၃။ ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် လူငယ်များ၏ အမြင်သဘောထား ဆွေးနွေးဖလှယ်ပွဲများ ပြုလုပ်ခြင်း။ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | ပြည်ထောင်စု ကော်မတီဝင်များ၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် လူငယ်ရေးရာ ကော်မတီဝင်များ | အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန (National Reconciliation and Peace Center)၊ Joint Monitoring Committee၊ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ (Union Peace Dialogue Joint Committee)၊ လူမှု/ကယ်ဆယ် ဝန်ကြီးဌာန၊ UN, INGO, NGO, CSO | ၂၀၂၀–၂၀၂၄ | • သင်တန်းအရေအတွက်<br>• သင်တန်း တက်ရောက်ပြီးသူ အရေအတွက်<br>• စာတမ်းအရေအတွက်<br>• ဆွေးနွေးဖလှယ်ပွဲ အရေအတွက် |

## မဟာဗျူဟာ (၂)

ရည်ရွယ်ချက် – ငြိမ်းချမ်းရေးဆိုင်ရာ ဖြစ်စဉ်များတွင် လူငယ်များ၏သဘောထားကို သုတေသနအချက်အလက်များအပေါ် အခြေခံပြီး မှန်ကန်စွာသိရှိစေရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၂။ ငြိမ်းချမ်းရေးဆိုင်ရာ သုတေသနစစ်တမ်း ကောက်ယူခြင်း။ | ၂.၁။ ဒေသတွင်း ငြိမ်းချမ်းရေးဖြစ်စဉ် အပေါ်တွင် လူငယ်များ၏ အမြင်သဘောထားများ၊ အသံများ စစ်တမ်းကောက်ယူခြင်းနှင့် အစီရင်ခံစာ ထုတ်ပြန်ခြင်း၊ စာတမ်းများ တင်သွင်းဖတ်ကြားခြင်း၊ ဆောင်ရွက်ခြင်း။ | ပြည်ထောင်စု အဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | လူငယ်ရေးရာ ကော်မတီ | ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ လူမှု/ကယ်ဆယ် ဝန်ကြီးဌာန | ၂၀၂၀–၂၀၂၄ | • သုတေသနစာတမ်း အရေအတွက် (နှစ်အလိုက်)<br>• သုတေသနစာတမ်း ဖတ်ကြားခြင်း အရေအတွက် |

## မဟာဗျူဟာ (၃)

ရည်ရွယ်ချက် – ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် လူငယ်များပိုမိုပါဝင်စေရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၃။ ငြိမ်းချမ်းရေး ဖြစ်စဉ်များတွင် လူငယ် ကိုယ်စားလှယ်များမှ ပါဝင်ခွင့်ရရှိစေခြင်း။ | ၃.၁။ ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် လူငယ်ကိုယ်စားလှယ်များ ပါဝင်ခွင့်ရရှိရန်အတွက် သက်ဆိုင်သူများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။ | ပြည်ထောင်စုအဆင့် | လူငယ်ရေးရာ ကော်မတီ | လူမှု/ကယ်ဆယ် ဝန်ကြီးဌာန | ၂၀၂၀–၂၀၂၄ | • ငြိမ်းချမ်းရေး ဖြစ်စဉ်များတွင် လူငယ် ကိုယ်စားလှယ်များ ပါဝင်ခွင့်ရ/မရ |

## မဟာဗျူဟာ (၄)

ရည်ရွယ်ချက် – စစ်ဘေးသင့်ဒေသများအပါအဝင် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးအားနည်းသော ဒေသများမှ လူငယ်များကို ထိရောက်စွာ အကာအကွယ်ပေးရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၄။ စစ်ဘေးသင့်ဒေသရှိ လူငယ်များအတွက် ဘဝအာမခံချက်၊ လူ့အခွင့်အရေး အပြည့်အဝ ကာကွယ်ဖော်ဆောင်ပေးခြင်း။ | ၄.၁။ အများပိုင် စာသင်ကျောင်းများ၊ ဆေးရုံများနှင့် ဘာသာရေး အဆောက်အဦများကို ကာကွယ်ပေးခြင်း။<br><br>၄.၂။ စစ်ဘေးသင့်လူငယ်များ၊ အထူးသဖြင့် အမျိုးသမီးငယ်များအပေါ် လိင်အကြမ်းဖက်မှု အပါအဝင် အကြမ်းဖက်မှုများကို ကာကွယ်ပြီး လုံခြုံစိတ်ချရသော ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များကို ထိရောက်စွာ ပံ့ပိုးကူညီပေးခြင်း။ | ပြည်ထောင်စု အဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ၊ လူမှု/ကယ်ဆယ် ဝန်ကြီးဌာန | လူငယ်ရေးရာ ကော်မတီ | ၂၀၂၀-၂၀၂၄ | • ပံ့ပိုးမှုရရှိသော အမျိုးသမီးငယ် အရေအတွက် |

## မဟာဗျူဟာ (၅)

ရည်ရွယ်ချက် – လူငယ်များ၏ ဘဝလုံခြုံရေးနှင့်ပတ်သက်သည့် သဘောထားများနှင့် လိုအပ်ချက်များကို မှန်ကန်စွာဖော်ထုတ်ရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၅။ ဘဝလုံခြုံရေးဆိုင်ရာ သုတေသနစစ်တမ်း ကောက်ယူခြင်း။ | ၅.၁။ ပဋိပက္ခဖြစ်ပွားသောဒေသရှိ လူငယ်များ၏ ဘဝလုံခြုံရေးဆိုင်ရာ အမြင်သဘောထားများ၊ အသံများ စစ်တမ်းကောက်ယူခြင်းနှင့် အစီရင်ခံစာထုတ်ပြန်ခြင်း။ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | လူငယ်ရေးရာ ကော်မတီ | လူမှု/ကယ်ဆယ် ဝန်ကြီးဌာန၊ UN, INGO, NGO, CSO, CBO | ၂၀၂၀-၂၀၂၄ | • တစ်နှစ်အတွင်း သုတေသနစာတမ်း တစ်စောင်<br>• သုတေသနစာတမ်း အရေအတွက် (နှစ်အလိုက်) ထုတ်ပြန်ပြီး အစီရင်ခံစာ အရေအတွက် |

# (ဃ)

## ကျား၊ မ တန်းတူညီမျှရေးကဏ္ဍ

အောက်ပါပါဝင်သော အချက်များသည် MSDP ၏ အားလုံးနှင့် ဆက်စပ်သက်ဆိုင်သည့် ကိစ္စရပ်နှင့် ချိတ်ဆက်လျက်ရှိပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် (၅) (SDG.5) ကျား၊ မ တန်းတူညီမျှမှု ရရှိရေးနှင့် အမျိုးသမီးများ၊ အမျိုးသမီးငယ်များအားလုံးစွမ်းပကားတိုးမြှင့်စေရေးကိုအထောက်အကူပြုပါမည်။

## မဟာဗျူဟာ (၁)

ရည်ရွယ်ချက်– ကျား၊ မရေးရာနှင့်ပတ်သက်သော မှန်ကန်သည့်အသိပညာများကို လူငယ်ထုအကြား ကျယ်ပြန့်စွာသိရှိစေရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၁။ လူ့အခွင့်အရေးနှင့် နိုင်ငံတကာ စံချိန်စံညွှန်းများကို အခြေခံပြီး နိုင်ငံ၏ လိုအပ်ချက်၊ ခေတ်စနစ်နှင့် ကိုက်ညီသော Comprehensive Sexuality Education (CSE) သင်ရိုးများ သင်ကြားရာတွင် Gender နှင့် သက်ဆိုင်သော အခန်းကဏ္ဍများကို မဖြစ်မနေ ထည့်သွင်း သင်ကြားခြင်း။ | ၁.၁။ လက်ရှိ ဘဝတွက်တာကျွမ်းကျင်စရာ (Life Skill Education–LSE) သင်ရိုးတွင် Comprehensive Sexuality Education (CSE) သဘောတရားများကို ထည့်သွင်းစေခြင်း။<br>၁.၂။ အခြေခံနှင့်အဆင့်မြင့် ကျောင်းများမှ တာဝန်ရှိသူများနှင့် ချိတ်ဆက်ပြီး သင်ကြားနိုင်သော အဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များကို မွေးထုတ်ခြင်း။<br>၁.၃။ သင်ထောက်ကူပစ္စည်းများ လုံလောက်စွာ ပံ့ပိုးပေးခြင်း။<br>၁.၄။ ကျွမ်းကျင်ပညာရှင်များဖြင့် သင်ကြားခြင်း။<br>၁.၅။ စံနှုန်းများနှင့်အညီ သင်ကြားခြင်းရှိ/ မရှိကို စောင့်ကြပ်လေ့လာခြင်း။<br>၁.၆။ ရုပ်သံမီဒီယာများမှတဆင့် CSE သင်ခန်းစာများ၊ သဘောတရားများကို စီစဉ်တင်ဆက်ခြင်း။ | ပြည်ထောင်စုအဆင့် | ပညာရေးဝန်ကြီးဌာန | ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ လူမှု/ကယ်ဆယ် ဝန်ကြီးဌာန UN, INGO, NGO, CSO, လူငယ်ရေးရာ ကော်မတီ | ၂၀၂၀–၂၀၂၄ | • LSE သင်ရိုးညွှန်းတမ်းတွင် CSE သဘောတရား ထည့်သွင်းပြီးစီးခြင်း (ပြီး/ မပြီး)<br>• CSE ကျွမ်းကျင်ပညာရှင် အရေအတွက်<br>• သင်ထောက်ကူ ပစ္စည်းအမျိုးအစား အရေအတွက်<br>• အမျိုးအစားအလိုက် သင်ထောက်ကူပစ္စည်း အရေအတွက်<br>• သင်ကြားပေးနေသော ပညာရှင် အရေအတွက်<br>• စံနှုန်းအတိုင်း သင်ကြားသော ပညာရှင် အရေအတွက်/ ရာခိုင်နှုန်း<br>• CSE ပညာပေး မီဒီယာအစီအစဉ် အရေအတွက် |

## မဟာဗျူဟာ (၂)

ရည်ရွယ်ချက် – ကျား၊ မရေးရာနှင့် လိင်စိတ်ခံယူမှုကို အခြေခံသော ခွဲခြားဆက်ဆံမှုများ ကင်းရှင်းစေရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၂။ ကျား၊ မရေးရာ ခွဲခြားဆက်ဆံမှုကင်းသော ပတ်ဝန်းကျင်ကောင်း ဖြစ်စေခြင်း။ | ၂.၁။ ကျား၊ မရေးရာ ခွဲခြားဆက်ဆံမှု ကင်းရေးအတွက် ဥပဒေအသစ်များ ရေးဆွဲခြင်း၊ လက်ရှိခေတ်နှင့် မလျော်ညီသော ဥပဒေများကို ပြန်လည်သုံးသပ်ခြင်း၊ ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း။ | ပြည်ထောင်စုအဆင့် | လွှတ်တော်၊ လူမှု/ကယ်ဆယ် ဝန်ကြီးဌာန | UN , INGO, NGO, CSO, လူငယ်ရေးရာ ကော်မတီ | ၂၀၂၀-၂၀၂၄ | • မလျော်ညီသော ဥပဒေများ ဖျက်သိမ်းပြီးစီးခြင်း (ပြီး/မပြီး) |
| | ၂.၂။ Gender Discrimination ကို ထင်ဟပ်စေသော တိကျသော အကြောင်းအရာ အချင်းအရာများကို ခေတ်ကာလနှင့်အညီ ရှာဖွေစုစည်းခြင်း။ | ပြည်ထောင်စုအဆင့် | ပြည်ထောင်စု တရားစီရင်ရေး ကြီးကြပ်မှုရုံးနှင့် ပြန်ကြားရေး ဝန်ကြီးဌာန၊ | UN , INGO, NGO, CSO, လူငယ်ရေးရာ ကော်မတီ | | • Gender Discrimination ဖြစ်စေသော အကြောင်းအရာများ ဖော်ပြသည့် အစီရင်ခံစာ (ရှိ/မရှိ)<br>• အသိပညာပေး အစီအစဉ် အမျိုးအစား အရေအတွက်<br>• အမျိုးအစားအလိုက် အစီအစဉ်အရေအတွက်<br>• GD ပြုသူများကို အရေးယူသည့် ဖြစ်စဉ်အရေအတွက် |
| | ၂.၃။ ကျား၊ မရေးရာခွဲခြားခြင်းကို ဖြစ်စေသော အကြောင်းအရာများကို သိစေရန်အတွက် လူထုကြားတွင် နည်းမျိုးစုံဖြင့် အသိပညာပေးခြင်း။ | | | | | |
| | ၂.၄။ Gender Discrimination ကို ဖြစ်စေသော အသုံးအနှုန်း၊ အယူအဆများကို ထိရောက်စွာ အရေးယူခြင်း။ | | | | | |

## မဟာဗျူဟာ (၃)

ရည်ရွယ်ချက် – ဆုံးဖြတ်ချက်ချနိုင်သည့် အခန်းကဏ္ဍများ၌ အမျိုးသမီးငယ်များ လိင်စိတ်ကိုင်းညွတ်မှုနှင့် လိင်ဝိသေသကွဲပြားသူများ၏ ခေါင်းဆောင်မှုနှင့် ရပိုင်ခွင့်များကို တန်းတူအခွင့်အရေးပေးရေး အလေးထားဆောင်ရွက်ရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့်အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၃။ လွှတ်တော်၊ အစိုးရဌာနများနှင့် ပြင်ပလုပ်ငန်းခွင်များ ရွေးချယ်ခန့်အပ်ရာတွင် အမျိုးသား၊ အမျိုးသမီး၊ အမျိုးသားချင်း၊ အမျိုးသမီးချင်း ချစ်သူများ၊ အမျိုးသား/သမီး နှစ်မျိုးစလုံး ချစ်သူများ၊ ဆန့်ကျင်ဘက်လိင်သို့ ပြောင်းလဲခံယူ နေထိုင်သူများ၊ မွေးရာပါ လိင်အင်္ဂါနှစ်မျိုးစလုံး ပါသူများ (LGBTI ) အားခန့်ထားရေးကို အလေးပေးဆောင်ရွက်ခြင်း။ | ၃.၁။ ရပိုင်ခွင့်များ သာတူညီမျှဖြစ်စေခြင်း။ (ဥပမာ – လစာ၊ ရာထူး၊ ခံစားခွင့်၊ အခွင့်အရေး)<br>၃.၂။ အစိုးရဌာနများအပါအဝင် လုပ်ငန်းခွင်များတွင် Gender (ကျား၊ မ၊ အမျိုးသား၊ အမျိုးသမီး၊ အမျိုးသားချင်း၊ အမျိုးသမီးချင်း ချစ်သူများ၊ အမျိုးသား /သမီးနှစ်မျိုးစလုံး ချစ်သူများ၊ ဆန့်ကျင်ဘက်လိင်သို့ ပြောင်းလဲခံယူ နေထိုင်သူများ၊ မွေးရာပါ လိင်အင်္ဂါနှစ်မျိုးစလုံး ပါသူများ (LGBTI) ညီမျှမှုဖြစ်စေရန်အတွက် ကျား၊ မ အပြင် အမျိုးသား၊ အမျိုးသမီး၊ အမျိုးသားချင်း၊ အမျိုးသမီးချင်း ချစ်သူများ၊ အမျိုးသား/သမီး နှစ်မျိုးစလုံး ချစ်သူများ၊ ဆန့်ကျင်ဘက်လိင်သို့ ပြောင်းလဲခံယူ နေထိုင်သူများ၊ မွေးရာပါ လိင်အင်္ဂါနှစ်မျိုးစလုံး ပါသူများ (LGBTI) များကိုပါ လျှောက်ထားခွင့် ရရှိစေခြင်း။ | ပြည်ထောင်စုအဆင့် | လွှတ်တော် | အစိုးရ ဝန်ကြီးဌာနများ အားလုံး | ၂၀၂၀–၂၀၂၄ | • သာတူညီမျှ အခွင့်အရေးကို ဖော်ဆောင်သော HR Policy ရှိခြင်း၊ (ရှိ/မရှိ)<br>• ခွဲခြားဆက်ဆံမှု ရှိ/မရှိ၊ လျှောက်ထားနိုင်သော ဖော်ပြချက်များကို အလုပ်ခေါ်စာတွင် ထည့်သွင်းခြင်း (ပြီး/မပြီး) |

## မဟာဗျူဟာ (၄)

ရည်ရွယ်ချက် – မသန်စွမ်း၊ အမျိုးသမီးများအပါအဝင် အထူးအလေးပေးရမည့် အမျိုးသမီးများအတွက် စိတ်ချလုံခြုံသော ပတ်ဝန်းကျင်များကို ဖန်တီးပေးရန်နှင့် ထိရောက်သော ကာကွယ်စောင့်ရှောက်မှုများပေးရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၄။ မသန်စွမ်း၊ အမျိုးသမီးများ အပါအဝင် အထူးအလေးပေးရမည့် အမျိုးသမီးများအတွက် လုံခြုံစိတ်ချရသော ပတ်ဝန်းကျင်ကို ဖန်တီးပေးခြင်း။ | ၄.၁။ လုံခြုံသော ပတ်ဝန်းကျင် (Safe House) များ အများအပြား တည်ဆောက်ခြင်း။<br>၄.၂။ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (National Strategic Plan for the Advancement of Women –NSPAW) အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပါဝင်ပံ့ပိုးကူညီခြင်း။<br><br>၄.၃။ အထူးအလေးပေးရမည့် အမျိုးသမီးများကို အကာအကွယ်ပေးသည့် ဥပဒေများကို အကောင်အထည်ဖော် ဆောင်ရွက်မှုကို တိုက်တွန်းအားပေးခြင်း။<br><br>၄.၄။ ကျား/မအခြေပြု အကြမ်းဖက်မှု ခံစားရသူများအတွက် (Gender Base Violence – GBV Survivor) များအတွက် One Stop Women Support Center (OSWSC) များကို ခရိုင်အလိုက် ထားရှိခြင်းနှင့် ဝန်ဆောင်မှု ပေးသူများအကြား ပိုမိုထိရောက်စွာ ဆောင်ရွက်ခြင်းကို တိုက်တွန်းအားပေးခြင်းနှင့် ပါဝင်ကူညီခြင်း။ | ပြည်ထောင်စုအဆင့်၊ ခရိုင်အဆင့် | လူမှု/ကယ်ဆယ် ဝန်ကြီးဌာန၊ လွှတ်တော်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန | UN, INGO, NGO, CSO, လူငယ်ရေးရာ ကော်မတီ၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန | ၂၀၂၀–၂၀၂၄ | • တည်ဆောက်ပြီး Safe House အရေအတွက်<br>• အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံချက် NSPAW လုပ်ငန်းစဉ်တွင် ပါဝင်သည့် လူငယ်အရေအတွက်<br>• အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံချက် NSPAW လုပ်ငန်းစဉ်တွင် လူငယ်များ ပါဝင်ခွင့်ရရှိမှု အကြိမ်ရေ<br>• အမျိုးသမီးအခွင့်အရေး ဥပဒေပါ ပြဋ္ဌာန်းချက်များ သွေဖီမှုကို တိုင်ကြားသည့် အရေအတွက်<br>• OSWSC အရေအတွက်<br>• OSWSC တွင် ဝန်ဆောင်မှုယူသူ အရေအတွက် |

# (ဏ)

## လူ့အခွင့်အရေးကဏ္ဍ

အောက်ပါပါဝင်သော အချက်များသည် MSDP ၏ မဟာဗျူဟာ (၁.၃) တရားမျှတမှု၊ လူတစ်ဦးချင်းစီ၏ အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးမှု ပိုမိုရှိစေရေး၊ (၁.၅) ပြည်သူအားလုံးအစိုးရနှင့် ဆက်သွယ်လုပ်ကိုင်နိုင်စွမ်း တိုးမြှင့်ခြင်းနှင့် ချိတ်ဆက်လျက်ရှိပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် (၁၆) (SDG.16) စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ငြိမ်းချမ်း၍ အားလုံးပါဝင်နိုင်သော အဖွဲ့အစည်းများ တိုးတက်စေရေး၊ အားလုံးအတွက် တရားမျှတမှု ဖြစ်ပေါ်စေရေးနှင့် အဆင့်တိုင်းတွင် ထိရောက်၍ တာဝန်ခံမှု၊ တာဝန်ယူမှုရှိသော၊ လူတိုင်းအကျုံးဝင်သည့် အဖွဲ့အစည်းများ ထူထောင်ရေးကို ရရှိစေရန် အထောက်အကူပြုပါမည်။

## မဟာဗျူဟာ (၁)

ရည်ရွယ်ချက် – မြန်မာနိုင်ငံမှပါဝင်ထားသော လူ့အခွင့်အရေးဆိုင်ရာ ကြေညာချက်များ၊ စာတမ်း/စာချုပ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လူငယ်များပူးပေါင်းပါဝင်လာစေရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၁။ မြန်မာနိုင်ငံ ပါဝင် လက်မှတ်ရေးထိုးထားသော လူ့အခွင့်အရေးဆိုင်ရာ ကြေညာချက် စာတမ်း/ စာချုပ်များနှင့် လူငယ်အခွင့်အရေးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည့် ကုလသမဂ္ဂ ဆုံးဖြတ်ချက်များအား လိုက်နာ အကောင်အထည် ဖော်ခြင်း။ | ၁.၁။ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ ကြေညာချက်စာတမ်း (UDHR) နှင့် နောက်ဆက်တွဲ စာချုပ်/စာတမ်းများနှင့် ပတ်သက်၍ အသိပညာပေးခြင်း။ | ပြည်ထောင်စုအဆင့် | လူငယ်ရေးရာ ကော်မတီ၊ လူမှု/ကယ်ဆယ် ဝန်ကြီးဌာန၊ လူ့အခွင့်အရေး ကော်မရှင်၊ ပြည်ထဲရေး ဝန်ကြီးဌာန | နိုင်ငံခြားရေး ဝန်ကြီးဌာန၊ CSO, NGO | ၂၀၂၀–၂၀၂၄ | • အသိပညာပေးခြင်း အကြိမ်ရေ |

## မဟာဗျူဟာ (၂)

ရည်ရွယ်ချက် – လူ့အခွင့်အရေးနှင့်ပတ်သက်သော မှန်ကန်သောသဘောတရားများနှင့် တာဝန်ယူမှုတာဝန်ခံမှုအသိပညာများကို လူငယ်များအကြား ပိုမိုကျယ်ပြန့်စွာသိရှိစေရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၂။ မြန်မာနိုင်ငံ ပါဝင်လက်မှတ်ရေးထိုးထားသော လူ့အခွင့်အရေးဆိုင်ရာ ကြေညာချက် စာတမ်း/စာချုပ်များနှင့် လူငယ်အခွင့်အရေးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည့် ကုလသမဂ္ဂ ဆုံးဖြတ်ချက်များကို အသိပညာပေးခြင်း။ | ၂.၁။ သင်တန်းများ၊ ဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း။<br><br>၂.၂။ အများပြည်သူနှင့် သက်ဆိုင်သော နေရာများတွင် အသိပညာဗဟုသုတ ဖြန့်ဝေခြင်း (Public Event)၊ ကမ်ပိန်းများ ပြုလုပ်ခြင်း၊ မီဒီယာမှတဆင့် အသိပညာပေးခြင်း။<br><br>၂.၃။ လူ့အခွင့်အရေး သဘောတရားများ ပါဝင်သည့် အသက်အရွယ်နှင့် ကိုက်ညီသော သင်ရိုးညွှန်းတမ်း (Extra Curriculum) ရေးဆွဲခြင်း။ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်အဆင့်<br><br>ပြည်ထောင်စုအဆင့် | လူငယ်ရေးရာ ကော်မတီ | နိုင်ငံခြားရေး ဝန်ကြီးဌာန၊ UN, INGO, NGO, CSO, ကျွမ်းကျင် ပညာရှင်များ၊ လူ့အခွင့်အရေး ကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန | ၂၀၂၀-၂၀၂၄ | • အကြိမ်ရေ<br>• Social Survey အရေအတွက်<br>• ကျင်းပခဲ့သော မြို့နယ်အရေအတွက်<br>• ကမ်ပိန်းအရေအတွက်<br>• အစိုးရ၊ ပုဂ္ဂလိက သတင်းဌာန အရေအတွက်<br>• ထုတ်လွှင့်မှုပုံစံ အရေအတွက်<br>• သင်ရိုးညွှန်းတမ်း (Curriculum ) ရှိခြင်း (ရှိ/မရှိ) |

## မဟာဗျူဟာ (၃)

ရည်ရွယ်ချက် – လူ့အခွင့်အရေးလုပ်ငန်းစဉ်များတွင် ပညာပေးခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ မှတ်တမ်းတင်ခြင်း၊ အစီရင်ခံခြင်းနှင့် တိုင်ကြားမှုယန္တရားကိစ္စရပ်များတွင် လူငယ်များ အရှိန်အဟုန်ဖြင့်ပါဝင်လာအောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၃။ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများကို လေ့လာစောင့်ကြည့် သုံးသပ်တင်ပြခြင်း။ | ၃.၁။ ကြီးကြပ်ရေးအဖွဲ့များ (Monitoring Group) များ ဖွဲ့စည်းရာတွင်လူငယ်များ ပါဝင်ခွင့်ရရှိစေခြင်း။<br><br>၃.၂။ နိုင်ငံတော်တွင်ပြဋ္ဌာန်းထားသော ဥပဒေများ၊ နည်းဥပဒေများမှ လူငယ်များနှင့် သက်ဆိုင်သော လူ့အခွင့်အရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို သုံးသပ်လေ့လာပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် တိုက်တွန်းလှုံ့ဆော်ခြင်း။<br><br>၃.၃။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥပဒေပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နေသော ကော်မရှင်၏ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်ယန္တရားကို လူငယ်များ ပိုမိုနားလည် သဘောပေါက်လာစေရေး ပညာပေးခြင်း။ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်/ မြို့နယ်အဆင့် | လူငယ်ရေးရာ ကော်မတီ | အစိုးရ၊ ပြည်ထဲရေး ဝန်ကြီးဌာန၊ လွှတ်တော်၊ လူ့အခွင့်အရေး ကော်မရှင်၊ CSO | ၂၀၂၀–၂၀၂၄ | • လူငယ်များ ပါဝင်ခွင့်ရသော တိုင်းဒေသကြီး/ ပြည်နယ်/ မြို့နယ် အလိုက် ကြီးကြပ်ရေးအဖွဲ့များ (Monitoring Group) အရေအတွက်<br>• ဥပဒေ ပြန်လည်သုံးသပ်မှု (Law Review Process ပြီးစီးခြင်း) (ပြီး/မပြီး)<br>• ဥပဒေတွင် ဖြည့်စွက်ချက်များ ဖြည့်စွက်ပြီးစီးခြင်း (ပြီး/ မပြီး)။<br>• လူ့အခွင့်အရေး ကာကွယ် စောင့်ရှောက်ရေး တိုင်ကြားမှု ယန္တရားတွင် လူငယ်များက ကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်မှု အကြိမ်ရေ |

# (တ)

## နိုင်ငံတကာဆက်ဆံရေးကဏ္ဍ

အောက်ပါပါဝင်သော အချက်များသည် MSDP ၏ မဟာဗျူဟာ (၃.၄) ကုန်သွယ်မှုကဏ္ဍတွင် ထပ်မံပြုပြင်ပြောင်းလဲရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုနှင့် ချိတ်ဆက်မှုများ အားကောင်း ခိုင်မာရေးနှင့် ချိတ်ဆက်လျက်ရှိပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် (၁၇) (SDG.17) အကောင်အထည်ဖော်မှုအား ဖြစ်ပေါ်စေမည့် အထောက်အပံ့ များ အားကောင်းစေခြင်းနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နေမှုများ ရှင်သန်အားကောင်းစေ ရေးကို ရရှိစေရန် အထောက်အကူပြုပါမည်။

## မဟာဗျူဟာ (၁)

ရည်ရွယ်ချက်– နိုင်ငံတကာအသိုက်အဝန်းတွင် မြန်မာလူငယ်များ၏ ဂုဏ်သိက္ခာအရည်အသွေးနှင့် အဆင့်အတန်းမြင့်မားလာစေရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့်အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၁။ နိုင်ငံတကာလူမှုအသိုက်အဝန်းတွင် မြန်မာလူငယ်များ၏ ဂုဏ်သိက္ခာအရည်အသွေးနှင့် အဆင့်အတန်း မြင့်မားလာစေရန် လိုအပ်သော ထောက်ပံ့မှုများပေးခြင်းနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ | ၁.၁။ နိုင်ငံတကာမှပညာရှင်များ၊ ကျောင်းသားများ ဖိတ်ခေါ်၍ ပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲများ ဆောင်ရွက်ခြင်း။<br>၁.၂။ နိုင်ငံတကာသို့ကဏ္ဍစုံမှ လူငယ်များအားကာလတို၊ ကာလရှည် သင်တန်းများ စေလွှတ်ခြင်း၊ ပြည်တွင်းတွင် အရည်အသွေးအဆင့်မြင့် သင်တန်းများပေးခြင်း။ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်/မြို့နယ်/ ကျေးရွာအဆင့် | လူမှု/ကယ်ဆယ် ဝန်ကြီးဌာန၊ နိုင်ငံခြားရေး ဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး ဝန်ကြီးဌာန၊ ပညာရေး ဝန်ကြီးဌာန၊ လူငယ်ရေးရာ ကော်မတီ | UN, INGO, NGO, CSO | ၂၀၂၀–၂၀၂၄ | • နီးနှောဖလှယ်ပွဲ အရေအတွက်<br>• ပွဲတက်ရောက်သူ လူငယ်အရေအတွက်<br>• သင်တန်းအရေအတွက်<br>• သင်တန်းသား အရေအတွက်<br>• အရည်အသွေးမြှင့် သင်တန်းအရေအတွက် |

## မဟာဗျူဟာ (၂)

ရည်ရွယ်ချက် – မြန်မာလူငယ်များနှင့် နိုင်ငံတကာလူငယ်များအကြား ကဏ္ဍပေါင်းစုံ ပိုမိုရင်းနှီးစွာ ဖလှယ်နိုင်စေရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့်အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၂။ မြန်မာလူငယ်များနှင့် နိုင်ငံတကာ လူငယ်များ အကြား နီးနှောဖလှယ်သည့် အစီအစဉ်များ ဆောင်ရွက်ခြင်း။ | ၂.၁။ ပြည်ထောင်စုအဆင့် လူငယ်ရေးရာ ကော်မတီ၊ တိုင်းဒေသကြီး/ပြည်နယ် လူငယ်ရေးရာ ကော်မတီနှင့် နိုင်ငံတကာ လူငယ်အဖွဲ့အစည်းများအကြား ထိတွေ့ဆက်ဆံနိုင်ရန်နှင့် လူငယ်များ အားလုံးအတွက် ကဏ္ဍအလိုက် Exchange Program များ ဆောင်ရွက်ခြင်း၊ နိုင်ငံတကာ လူငယ်အဖွဲ့အစည်းများနှင့် ကွန်ရက်ချိတ်ဆက် ဆောင်ရွက်ခြင်း။ | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် | နိုင်ငံခြားရေး ဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး ဝန်ကြီးဌာန၊ လူမှု/ကယ်ဆယ် ဝန်ကြီးဌာန၊ လူငယ်ရေးရာ ကော်မတီ | ဝန်ကြီးဌာနများ အားလုံး၊ UN, INGO, NGO, CSO | ၂၀၂၀–၂၀၂၄ | • exchange အစီအစဉ် အရေအတွက်<br>• Network အရေအတွက်<br>• နိုင်ငံတကာ အဖွဲ့အစည်း အရေအတွက် |

## မဟာဗျူဟာ (၃)

ရည်ရွယ်ချက် – နိုင်ငံတကာ လူငယ်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၃။ နိုင်ငံတကာ လူငယ်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ | ၃.၁။ ပြည်ထောင်စုအဆင့် လူငယ်ရေးရာ ကော်မတီမှ ကြီးကြပ်သော နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆပ်ကော်မတီဖွဲ့စည်းပြီး ချိတ်ဆက်ဆောင်ရွက်မှုများ လုပ်ဆောင်ခြင်း။ | ပြည်ထောင်စုအဆင့် | လူငယ်ရေးရာ ကော်မတီ | နိုင်ငံခြားရေး ဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး ဝန်ကြီးဌာန၊ လူမှု/ကယ်ဆယ် ဝန်ကြီးဌာန၊ ပုဂ္ဂလိကကဏ္ဍ၊ CSO, NGO, UN | ၂၀၂၀–၂၀၂၄ | • ပူးပေါင်းဆောင်ရွက်ရေး ဆပ်ကော်မတီ ဖွဲ့စည်းပြီးစီးခြင်း (ပြီး/ မပြီး) |

## မဟာဗျူဟာ (၄)

ရည်ရွယ်ချက် – ပြည်ပတွင်အလုပ်လုပ်ကိုင်နေသော လူငယ်များကို ပိုမိုအကာအကွယ်ပေးနိုင်စေရန်

| လုပ်ငန်းစဉ် | ဆောင်ရွက်ချက်များ | ဆောင်ရွက်မည့် အဆင့် | တာဝန်ရှိသူ | | အချိန် | အညွှန်းကိန်း |
|---|---|---|---|---|---|---|
| | | | အဓိက | ပံ့ပိုး | | |
| ၄။ ပြည်ပတွင် အလုပ်လုပ်ကိုင်နေသော လူငယ်များ၏ အခွင့်အရေးများအား ကာကွယ်စောင့်ရှောက်ခြင်း။ | ၄.၁။ ပြည်ပတွင်အလုပ်လုပ်ကိုင်နေသော လူငယ်များ၏ အခွင့်အရေးနှင့် အသက်အိုးအိမ် စည်းစိမ်ကို နိုင်ငံတကာ စံနှုန်းများနှင့်အညီ ကာကွယ်စောင့်ရှောက် ပေးနိုင်သော လုပ်ငန်းစဉ်များ အကောင်အထည် ဖော်ဆောင်ရွက်ခြင်း။ | ပြည်ထောင်စုအဆင့် | အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ နိုင်ငံခြားရေး ဝန်ကြီးဌာန | အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး ဝန်ကြီးဌာန၊ လူမှု/ကယ်ဆယ် ဝန်ကြီးဌာန၊ လူငယ်ရေးရာ ကော်မတီ၊ CSO, NGO, UN, ပုဂ္ဂလိကကဏ္ဍ | ၂၀၂၀–၂၀၂၄ | • ပြည်ပလူငယ်များ၏ အခွင့်အရေး ချိုးဖောက်ခံရမှု ပြဿနာအပေါ် အရေးယူ ဖြေရှင်းပေးနိုင်သည့် အချိုး (ဖြေရှင်း/စုစုပေါင်း) |

## အတိုကောက် စကားလုံးများ

| | |
|---|---|
| CBO | Community Based Organizations |
| CCTV | Closed–Circuit Television |
| CSE | Comprehensive Sexuality Education |
| CSO | Civil Society Organizations |
| EIA | Environmental Impact Assessment |
| FPIC | Free Prior Informed Consent |
| GBV | Gender Base Violence |
| GD | Gender Discrimination |
| HR Policy | Human Resource Policy |
| INGO | International Non–governmental Organizations |
| LGBTI | Lesbian, Gay, Bisexual, Transgender and Intersex |
| LSE | Life Skill Education |
| MSDP | Myanmar Sustainable Development Plan |
| NGO | Non–governmental Organizations |
| NSPAW | National Strategic Plan for the Advancement of Women |
| NSSA | National Skill Standard Authority |
| OSWSC | One Stop Women Support Center |
| SDG | Sustainable Development Goal |
| SIA | Social Impact Assessment |
| SME | Small and Medium Enterprises |
| TOT | Training of Trainers |
| UCSB | Union Civil Service Board |
| UDHR | Universal Declaration of Human Rights |
| UMFCCI | Union of Myanmar Federation of Chambers of Commerce and Industry |
| UN | United Nations |